# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။ အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးပြန်လည်ဦးမော့လာပြီး ၃ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့

နေပြည်တော် ဇွန် ၃၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်

*စာမျက်နှာ ၅ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**


ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှု ရက်ပေါင်း ၁၁၁၁ ရက်ရှိပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ — ပြည်တွင်းသတင်း စာ ၄

သမဝါယမပုံရိပ်ကောင်းမွန်စေဖို့ သမဝါယမစစ်စစ်ကို ရှာဖွေကြစို့ — ဆောင်းပါး စာ ၁၄

မြန်မာ့မြေ မြန်မာ့အမွေ — ဆောင်းပါး စာ ၁၆

# မြေသယံဇာတကို စွမ်းအားရှိသမျှ အသုံးချ

မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံက ယခုနှစ်ပထမငါးလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၄၇ သန်း တင်ပို့ခဲ့ရာ ဆန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၉၆ သန်း ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အဆိုပါသတင်း၌ပင် ထိုင်းသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ရှစ်သန်းအထိ ပြည်ပသို့ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းလည်း ဖော်ပြထားသည်။

ထိုင်းသည် ၂၀၂၂ ခုနှစ်က ပြည်ပသို့ ဆန်တန်ချိန် ၇ ဒသမ ၇ သန်း တင်ပို့ကာ ဗီယက်နမ်နိုင်ငံကို ကျော်ဖြတ်သွားပြီး အိန္ဒိယ၏နောက်တွင် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဈေးကွက်၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ပပို့ကုန်ဆန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ခြင်း၊ ဆန်သားမာသည့် ဆန်အမျိုးအစား၊ ဆန်သားပျော့သည့် ဆန်အမျိုးအစား၊ မွှေးသည့်ဆန်အမျိုးအစား၊ အာဟာရဓာတ်ပါဝင်မှုမြင့်မားသည့် ဆန်အမျိုးအစား စသည်ဖြင့် ဈေးကွက်က တောင်းဆိုသည့် ဆန်အမျိုးအစားများကို ထုတ်လုပ်သွားနိုင်ရန် စပါးမျိုးသစ်များ အရှိန်အဟုန်မြှင့် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လာမည့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဆန်ဈေးကွက်သို့ ဆန်မျိုးကွဲပေါင်း အများအပြားကို အမျိုးအမည်အမျိုးမျိုးဖြင့် တင်ပို့ရောင်းချကာ ဆန်တင်ပို့သည့် ပြိုင်ဘက်နိုင်ငံများကို ဆက်လက်ကျော်ဖြတ်နိုင်ရန် ထိုင်းနိုင်ငံက အားထုတ်ကြိုးပမ်းလျက်ရှိသည်။

လက်ရှိကာလတွင် ဆန်စပါးသည် စားနပ်ရိက္ခာအတွက် ကမ္ဘာ့ဝယ်လိုအားမြင့်တက်နေပြီး ယခုနှစ်မှစ၍ လာမည့် ၁၀ နှစ်တာကာလအတွင်း ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ ကမ္ဘောဒီးယား စသည့်ဆန်စပါးထုတ်လုပ်သည့်နိုင်ငံများ၏ ဆန်စပါးထုတ်လုပ်မှုများ ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း သုတေသနနှင့် ဈေးကွက်ဆိုင်ရာ သုတေသီအဖွဲ့အစည်းတစ်ခုက သုံးသပ်ခန့်မှန်းထားသည်။ "ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး စက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အရှိန်ရှိသည့်နိုင်ငံများဖြစ်ကြောင်း၊ သို့သော် အဓိကအခြေခံထုတ်ကုန်မှာ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်နှင့် မိမိတို့နိုင်ငံ၏ ပို့ကုန်ပမာဏများ များစွာကွာခြားလျက်ရှိသည်ကို တွေ့ရကြောင်း၊" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများကို အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအဆင့်သို့ မြှင့်တင်သွားရန် လိုအပ်နေခြင်းပင်ဖြစ်သည်။

အရှေ့တောင်အာရှဒေသမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု အမြင့်မားဆုံးနိုင်ငံများဖြစ်သော ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် "မျိုး၊ မြေ၊ ရေ၊ နည်းပညာ" အားသာချက်များရှိပြီး ကုန်ထုတ်စွမ်းအားမြင့်သည်ထက် မြင့်မားစေရန် ကြံ့ဆကြိုးပမ်းနေကြသည့် နိုင်ငံများဖြစ်သည်။ အရည်အသွေးကောင်း၊ သက်တမ်းတိုပြီး စိုက်ပျိုးရန် လွယ်ကူသည့် စပါးမျိုးသစ်များ တီထွင်ထုတ်လုပ်ခြင်း၊ တစ်နှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးရေးစနစ်ကောင်းကို ထူထောင်ထားခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးခြင်း စသည်ဖြင့်စပါးစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးတွင် သက်ဆိုင်ရာဌာနများနှင့် တောင်သူလယ်သမားများအကြား ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ကြောင်း သိရသည်။

မြေတစ်ကေချင်းအလိုက် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေး၊ မြေသယံဇာတတို့ကို စွမ်းအားရှိသမျှ အသုံးချရေးတို့တွင် လူ့စွမ်းအားသည်သာ အဓိကဖြစ်ကြောင်း ပညာရှင်တို့၏ မိန့်ဆိုချက်များနှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်မားရေးတို့အတွက် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားများကို လုံ့လ ဝီရိယစိုက်ထုတ်အသုံးချသွားကြရမည်ဟု ယုံကြည်ပါကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ် အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ် အား ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားသံအမတ်ကြီးတို့သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်တွင် ဆက်လက်ဖြစ်ထွန်းစေရေး ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက ရုရှားသံအမတ်ကြီးအနေဖြင့် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက် ထူးချွန်ပြောင်မြောက်စွာ ပံ့ပိုးဆောင်ရွက်မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အဲကွာဒိုဟိုဆေး ဒီဗေဒဂါ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၃၀** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်သည် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အဲကွာဒိုဟိုဆေး ဒီဗေဒဂါ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နှစ်နိုင်ငံ ပြည်ဝင်ဗီဇာခွင့်ပြုဆောင်ရွက်ပေးမှုနှင့် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများ၏ နေခွင့်သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးမှု အခြေအနေ၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများနှင့် လူကုန်ကူးမှု တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခြေအနေ၊ လူကုန်ကူးခံရသူများ အတွက် နှစ်နိုင်ငံ အပြန်အလှန်ကူညီဆောင်ရွက် ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**



# ကမ္ဘောဒီးယားနိုင်ငံ၌ မြန်မာဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် မြေနေရာလှူဒါန်း

**နေပြည်တော် ဇွန် ၃၀** ကမ္ဘောဒီးယားနိုင်ငံရောက် မြန်မာလူမျိုးများ၏ ရိုးရာထုံးတမ်းအစဉ်အလာအခမ်းအနားများ ကျင်းပနိုင်ရန်၊ ထေရဝါဒဗုဒ္ဓသာသနာများဖြစ်သောပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ (၃) ရပ် ထွန်းကားပြန့်ပွားရန်နှင့် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံဘာသာရေးဆိုင်ရာကိစ္စရပ်များ ထာဝရပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ၌ မြန်မာဘုန်းတော်ကြီးကျောင်း "အေးငြိမ်းချမ်းသာ"ကို ဆောက်လုပ်လှူဒါန်းနိုင်ရန်အတွက် မြေနေရာလိုအပ်လျက်ရှိရာ ဖနောင်ပင်မြို့ဟောင်းနေရာဖြစ်သော ဥဒေါင်းတောင်ဘုရားအနီးရှိ မြေကွက်အမှတ် (၁၇၇/၁၇၈)၊ Ampil Rong Village, Preah Sre Commune, Oudong District, Kampong Speu Province, Kingdom of Cambodia တွင် မြေအကျယ်အဝန်း (၃၀၂၀) စတုရန်းမီတာကို အမေရိကန်ဒေါ်လာ(၇၈၀၀၀)ဖြင့် ဝယ်ယူနိုင်ရန်အတွက် အလှူရှင် ဦးအောင်အောင်ဇော် ဥက္ကဋ္ဌ 24 hours Group of Co; Ltd.၊ Myanmar Airways International and Air KBZ Ltd. က ဇွန် ၂၈ ရက်တွင် စေတနာသုံးတန်ထက်သန်စွာဖြင့် လှူဒါန်းသည်။



ဦးအောင်အောင်ဇော်သည် မိုခါမုန်တိုင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများအတွက် ကျပ်သိန်းနှစ်ထောင်လှူဒါန်းခြင်း၊ ကိုဗစ်ကာလတွင် အောက်ဆီဂျင်ထုတ်စက်ကြီးတစ်ခု ဆောက်လုပ်လှူဒါန်းခြင်း၊ ကိုဗစ်ရောဂါ တိုက်ဖျက်ရေးအတွက် အလှူငွေများလှူဒါန်းခြင်း၊ ပြည်သူလူထုအတွက် ကိုဗစ်ကာကွယ်ရေးပစ္စည်းများကို MAI & Air KBZ မှလေယာဉ်များဖြင့် အခမဲ့သယ်ယူပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ကိုဗစ်ကာလအတွင်း ဝန်ထမ်းများအား လစာများရပ်စဲခြင်း၊ ဖြုတ်တောက်ခြင်း၊ အလုပ်မှရပ်စဲခြင်းများကို လုံးဝမပြုလုပ်ခဲ့သည့်အပြင် ရှားပါးစရိတ်အဖြစ် လစာ၏ ၂၅ ရာခိုင်နှုန်းကို အပိုဆောင်းပေးခဲ့ကြောင်း သိရသည်။

**ကျိုင်းတုံ(ကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သီရိပျံချီ ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

## ချီးမြှင့်အပ်နှင်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်က ဘွဲ့တံဆိပ်ပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ရရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

## ဂုဏ်ပြုစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုစကားပြောကြားရာတွင် အဆွေတော်သံအမတ်ကြီးအား ယခုကဲ့သို့ စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်ကို ချီးမြှင့်ပေးအပ်ရသည့်အတွက် မြန်မာနိုင်ငံကိုယ်စားများစွာဝမ်းမြောက်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ရိုးရိုးသံအမှုထမ်းမှ သံအမတ်ကြီးတာဝန်အထိ ၁၄ နှစ်တာကာလခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ကို ကြုံတွေ့ခဲ့ရသဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အတွေ့အကြုံများစွာကို ရရှိပြီးဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် သံအမတ်ကြီးတာဝန် ထမ်းဆောင်ချိန်ကာလအတွင်း မြန်မာ–ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံမှုမှာ (၇၅) နှစ်ပြည့်မြောက်သည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း အဆွေတော်၏ တာဝန်ထမ်းဆောင်မှုမှာ နိုင်ငံရေးအပြောင်းအလဲများအကြား ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ကြီးမားကျယ်ပြန့်ပါကြောင်း၊ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို ယခင်ကထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုဘွဲ့တံဆိပ်ချီးမြှင့်ချိန်တွင် အဆွေတော်အနေဖြင့် တာဝန်ပြီးဆုံး၍ ရုရှားနိုင်ငံသို့ ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်တော့မည် အချိန်ဖြစ်ကြောင်း၊ သံအမတ်ကြီးတာဝန်ကို ၇ နှစ်တာကာလ တာဝန်ထမ်းဆောင်ချိန်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် အဆွေတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဆွေတော်အနေဖြင့် ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ ပိုမိုကျယ်ပြန့်ခိုင်မာစေရန်နှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခဲ့ပြီး မိမိတာဝန်ထမ်းဆောင်ချိန်တွင် အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်း ရုရှားနိုင်ငံ၏ ပူးပေါင်းကူညီပေးမှုများသည်လည်း အဓိကကျကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားနိုင်ခဲ့ကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့မှုများနှင့် ပတ်သက်၍လည်း မိမိအနေဖြင့် အားရကျေနပ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ခြင်းသည် ယခုရုရှားနိုင်ငံ သံအမတ်ကြီးအား ပေးအပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ နောင်အခါတွင်လည်း ကာယကံရှင်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာနယ်ပယ်များတွင် အကောင်းဆုံးဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်သည့် သံအမတ်ကြီးများကိုလည်း ချီးမြှင့်ပေးနိုင်ရန်အတွက် အခွင့်အလမ်းပင်ဖြစ်ကြောင်း ပြောကြားသည်။

## ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အရေးကြီး

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV က ဘွဲ့တံဆိပ်လက်ခံရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ဘွဲ့တံဆိပ်ချီးမြှင့်ပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိအတွက်သာမက ရုရှားသံရုံးရှိသံတမန်များနှင့် အမှုထမ်းမိသားစုများအားလုံးအတွက် ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးတက်စေရန်အတွက် မိမိအနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ အဆင့်မြင့်သည့် ဆက်ဆံရေးသို့ ရောက်ရှိလာပြီဖြစ်ပြီး ယခင်ကထက်များစွာ တိုးတက်ကောင်းမွန်လာပြီဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း နှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ကာကွယ်ရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် အရေးကြီးပါကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးသည်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံမှ ပညာတော်သင်များကို ရုရှားနိုင်ငံတွင် ပညာသင်ကြားပေးနိုင်ခဲ့ပြီး အဆင့်မြင့် ဒေါက်တာဘွဲ့များအထိ ရရှိခဲ့သူများလည်းရှိကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍လည်း နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် ၁၄ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကို တွေ့ကြုံခဲ့ရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ နှစ်နိုင်ငံဆက်ဆံရေးသည်

*စာမျက်နှာ ၄ သို့*

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှု ရက်ပေါင်း ၁၁၁၁ ရက်ရှိပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃၀**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်အတွင်း ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်များဖြင့် မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ ဝင်များက နေ့ညမပြတ်ကြိုးပမ်း တည်ဆောက် ပူဇော်လျက်ရှိရာ ၂၀၂၀ ဇွန် ၁၄ ရက် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပခဲ့ သည့်နေ့မှ ယနေ့အထိ ရက် ပေါင်း ၁၁၁၁ ရက် ၃ နှစ်နှင့် ၁၆ ရက် တိတိ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပ လျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံ သည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက် ဖြစ်စေ ရန်၊ နိုင်ငံတော်ကြီး သာယာဝ ပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်း သာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် (၄)ရပ်ဖြင့် တည် ဆောက်ပူဇော်နေခြင်း ဖြစ်ပြီး ရုပ်ပွားတော်မြတ်ကြီးနှင့် အတူ ဗုဒ္ဓဥယျာဉ်တော် အတွင်း၌ သာသနိက အဆောက်အဦများ ကိုလည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများ နှင့်အညီ ထည့်သွင်းတည်ဆောက် လျက်ရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းမှ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှု။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးထုဆစ်မှုမှာ ယနေ့တွင် ရက်ပေါင်း ၁၁၁၁ ရက် ၃ နှစ်နှင့် ၁၆ ရက်တိတိရှိပြီဖြစ်ပြီး ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တည်ဆောက်နေမှု ကို ကြည်ညိုသဒ္ဓါများပွားနိုင်စေ ရေး ယနေ့တွင် ဖူးမြော်ရသည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓ ဥယျာဉ်တော်အတွင်းမှ သာသနိက အဆောက်အဦများ၏ မြင်ကွင်း များကို နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ မိဘပြည်သူများ ဖူးမြော်ကြည်ညို သဒ္ဓါများပွားနိုင် စေရေး ယခုကဲ့သို့ ဖော်ပြလိုက်ရပါ သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက်နေမှုအား ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

> **“ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ယနေ့တွင် ရက်ပေါင်း ၁၁၁၁ ရက် ၃ နှစ်နှင့် ၁၆ ရက်တိတိရှိပြီဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို ကြည်ညိုသဒ္ဓါများပွားနိုင်စေရေး ယနေ့တွင် ဖူးမြော်ရသည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းမှ သာသနိကအဆောက်အဦများ၏ မြင်ကွင်းများကို နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ မိဘပြည်သူများ ဖူးမြော်ကြည်ညိုသဒ္ဓါများပွားနိုင်စေရေး ယခုကဲ့သို့ ဖော်ပြလိုက်ရပါသည် ”**

---

*စာမျက်နှာ ၃ မှ*

ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးရှိပြီးဖြစ်ပြီး အနာဂတ်ကာလတွင်လည်း ဆက်လက် ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ်လည်း အသိအမှတ်ပြုတန်ဖိုးထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးများကို ဆောင်ရွက်နိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး မိမိအနေဖြင့် ဆတက်ထမ်းပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားနှင့် ယဉ်ကျေးမှု စသည့်နယ်ပယ်မျိုးစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အရေးကြီးသည့်အစည်းအဝေး တစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်နေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပတ်သက်သည့် နည်းလမ်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေး ပြန်လည်ဦးမော့လာပြီး ၃ ဒသမ ၂ ရာခိုင် နှုန်းထိ တိုးတက်ခဲ့ကြောင်း၊ သို့သော် နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကုန်သွယ်မှု၌ သွင်းကုန်တွင်အဓိကပါရှိသည့် စက်မောင်းဆီနှင့် စားသုံးဆီတင်သွင်းမှုများမှာ ပမာဏများပြားနေသည်ကို တွေ့ရကြောင်း။

၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးကိုလည်း ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ အစိုးရပထမသက်တမ်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ပြီး နိုင်ငံစီးပွားရေးမှာ ထိုက်သင့်သလောက် တိုးတက်မှုရှိခဲ့ကြောင်း၊ တိုးတက်မှုနှုန်းအနေဖြင့် ၈ ရာခိုင်နှုန်းကျော်အထိ ရှိခဲ့ကာ နောက်ဆုံးတစ်နှစ်တွင် စီးပွားရေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ အလားတူ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းပထမနှစ်တွင် စီးပွားရေးတိုးတက်မှုအားကောင်းမည့်အလားအလာတွေ့ရှိရသော်လည်း တတိယနှစ်မှစတင်၍ စီးပွားရေးများ ကျဆင်းလာသည်ကိုတွေ့ရကြောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေး တိုးတက်မှုမှာ ၃ ရာခိုင်နှုန်းကျော်ခန့်သာရှိပြီး နောက်ပိုင်းတွင် အနုတ်ဘက်သို့ ရောက်ရှိခဲ့ကြောင်း။

### ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့

နိုင်ငံ့စီးပွားရေးကျဆင်းမှုကို သိရှိရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန လေးခုကို တာဝန်ပေးအပ်၍ လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ တွေ့ရှိချက်များအရ နိုင်ငံ့စီးပွားရေး အတက်အကျဖြစ်ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံတော်၏ ရငွေ၊ ပို့ကုန်၊ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဘေးဒဏ် ကျရောက်မှု၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု အားနည်းချက်များ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အကြောင်းအရင်းများနှင့် အဓိကသက်ဆိုင်နေသည်ကို တွေ့ရှိရသည့်အပြင် လုပ်သင့်လုပ်ထိုက်သည်များကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံကြီးအချို့က ၎င်းတို့လိုရာ စိတ်တိုင်းကျဆောင်ရွက်ပေးနိုင်မည့်အစိုးရကို ငွေကြေးထောက်ပံ့မှုများကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးလုပ်ဆောင်ခဲ့မှုများ၊ အစိုးရ၏ စွမ်းဆောင်ရည်မြင့်မားမှု ပုံစံမျိုးဖြစ်စေရန် ဖန်တီးဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရှိရသည်ဟု လေ့လာသုံးသပ်ချက် အစီရင်ခံစာအရ သိရှိရကြောင်း။

နိုင်ငံတစ်ခု၏ စီးပွားရေးနှင့် ပတ်သက်၍ ကုန်သွယ်မှု၊ အခြားလမ်းကြောင်းမှရရှိသည့် ဝင်ငွေများအပေါ် မူတည်၍ စီးပွားရေးအပြောင်းလဲများရှိသည်ကို မိမိအနေဖြင့် သုံးသပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုသည် လူသားအရင်းအမြစ်ကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကိုလည်း တွေ့ရှိရကြောင်း၊ စီးပွားရေးကို ကောင်းမွန်အောင် လုပ်ဆောင်နိုင်သည့်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင် လုပ်ဆောင်နိုင်သည့် လူသားအရင်းအမြစ်များ ပေါ်များလာပါက နိုင်ငံ့စီးပွားသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုကို နိုင်ငံများ၌ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြည့်၍ နိုင်ငံ၏ GDP ကို တွက်ချက်ကြသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အာဆီယံနိုင်ငံများ၌ အဆင့် ၇၊ အဆင့် ၈ ဝန်းကျင်တွင် ရှိသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၁၆ ဘီလီယံ၊ မလေးရှားနိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၇ ဒသမ ၉၂ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၄၅ ဘီလီယံရှိပြီး မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ နီးပါးရှိကြောင်း၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး စက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အရှိန်ရှိသည့် နိုင်ငံများဖြစ်ကြောင်း၊ သို့သော် အဓိကအခြေခံ ထုတ်ကုန်မှာ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပို့ကုန်နှင့် မိမိတို့နိုင်ငံ၏ ပို့ကုန်ပမာဏများ များစွာကွာခြားလျက်ရှိသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုများ နည်းပါးသည်ကို တွေ့ရကြောင်း၊ အလားတူ မြေများကိုလည်း အကျိုးရှိစွာ အသုံးချမှုနည်းပါးပြီး အသုံးပြုသည့် မြေတစ်ကေချင်းအလိုက် အကျိုးရှိစွာဆောင်ရွက်နိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံအတွင်း ရေ၊ မြေ သယံဇာတနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း စွမ်းအားရှိသမျှ အသုံးမပြုနိုင်သဖြင့် မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍကြီးသည် GDP တွင် ပါဝင်မှုမှာ နည်းပါးနေခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ စက်မှုကဏ္ဍတွင်လည်း လယ်ယာကဏ္ဍကြီးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အများဆုံးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝန်ဆောင်မှုသည်လည်း ထုတ်လုပ်သည့် ထုတ်ကုန်များအပေါ် မူတည်၍ ငွေကြေးလည်ပတ်စီးဆင်းမှုများ၊ အခြားဝန်ဆောင်မှုများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများနည်းပါးပါက ဝန်ဆောင်မှုလုပ်ငန်းများလည်း လျော့နည်းနေမည်ဖြစ်ကြောင်း။

### ပြည်ပသို့ ဆန်တင်ပို့မှု

လယ်တစ်ဧကအထွက်နှုန်း၏ ပန်းတိုင်ရည်မှန်းချက်မှာ စပါးတင်း ၁၀၀ ဖြစ်ကြောင်း၊ လက်ရှိပျမ်းမျှ ၇၅ တင်းခန့်ထွက်ရှိသည်ဟု သိရှိရကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ၁၅ သန်းခန့်ရှိကြောင်း၊ လက်ရှိအထွက်နှုန်းအရ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၂ သန်းခန့် ပြည်ပသို့တင်ပို့နေရကြောင်း၊ တစ်ဧကတင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဧက ၂၅ တင်းနှုန်းဖြင့် ပိုမိုထွက်ရှိလာမည်ဖြစ်သဖြင့် စပါးတင်းပေါင်း ၃၇၅ သန်း ပိုမိုထွက်ရှိလာပြီး ပျမ်းမျှစပါးတစ်တင်းလျှင် တစ်သောင်းကျပ်နှုန်းဖြင့် တွက်ချက်မည်ဆိုလျှင်ပင် ထုတ်လုပ်မှုတန်ဖိုး ဘီလီယံ ၃၇၅၀ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ပိုမိုထုတ်လုပ်နိုင်ခြင်းကြောင့် တောင်သူများ၏ ငွေကြေးလည်ပတ်သုံးစွဲမှုများ တိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်ကြည့်မည်ဆိုပါက ဘီလီယံ ၈၀၀၀ ခန့် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် စပါးများကို ဆန်အဖြစ် ထုတ်လုပ်၍ ပြည်ပသို့ ရောင်းချမည်ဆိုပါက သန်းပေါင်းများစွာ ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း။

> ❖ **မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါး ၁၄ ဒသမ ၉ သန်းစိုက်ပျိုးပြီး လယ်အနေဖြင့် ၁၃ သန်း ကျော်ရှိ၊ အဆိုပါ ၁၃ သန်းကျော်တွင် ၆ ဒသမ ၆ သန်း၌ သီးထပ်များ စိုက်ပျိုး၊ သီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သည့် မြေ ၇ ဒသမ ၃ သန်းတွင် ပဲအမျိုးမျိုး၊ နေကြာ၊ ပီလောပီနံ (သို့မဟုတ်) သီးနှံတစ်မျိုးမျိုးကို စိုက်ပျိုး၍ တစ်ဧကလျှင် ၁၀ သိန်းဖိုးခန့်ထုတ်လုပ်နိုင်မည်ဆိုပါက ဘီလီယံ ၇၃၀၀ နှင့်ညီမျှသည့် ထုတ်ကုန်ပစ္စည်းများ ရရှိနိုင်မည်ဖြစ်၊ ထို့ကြောင့် လယ်ယာ စိုက်ပျိုးရေးတွင် မြေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးသည် များစွာ တိုးတက်လာမည်ဖြစ်**

မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါး ၁၄ ဒသမ ၉ သန်းစိုက်ပျိုးပြီး လယ်အနေဖြင့် ၁၃ သန်း ကျော်ရှိကြောင်း၊ အဆိုပါ ၁၃ သန်းကျော်တွင် ၆ ဒသမ ၆ သန်း၌ သီးထပ်များ စိုက်ပျိုးကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သည့် မြေ ၇ ဒသမ ၃ သန်းတွင် ပဲအမျိုးမျိုး၊ နေကြာ၊ ပီလောပီနံ (သို့မဟုတ်) သီးနှံတစ်မျိုးမျိုးကိုစိုက်ပျိုး၍ တစ်ဧကလျှင်၁၀ သိန်းဖိုးခန့်ထုတ်လုပ်နိုင်မည်ဆိုပါက ဘီလီယံ ၇၃၀၀ နှင့်ညီမျှသည့် ထုတ်ကုန်ပစ္စည်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးတွင် မြေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးသည် များစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်များလည်း များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း။

### ပြည်ပသို့တင်ပို့ ရောင်းချမှုများဆောင်ရွက်ခဲ့

အလားတူ ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ (ဆီအုန်းမပါ)တွက်ချက်ကြည့်ပါက စိုက်ပျိုးဧက ၈ သိန်းစိုက်ပျိုးခဲ့ပြီး ဒေသအလိုက်အထွက်နှုန်းများအရ ဆီတန်ချိန် ၆ ဒသမ ၉ သိန်းရရှိမည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများအားလုံးကို ဆီထုတ်လုပ်မည်ဆိုပါက တစ်နိုင်ငံလုံး ဆီဖူလုံမှုမှာ ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ သို့သော် မြေပဲ၊ နှမ်း စသည့်သီးနှံများကို အခြားနည်းများဖြင့် စားသုံးခြင်းများရှိသကဲ့သို့ ပြည်ပသို့တင်ပို့ရောင်းချမှုများဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ပသို့တင်ပို့မှုမှ ရရှိသည့်ရောင်းရငွေနှင့် ပြည်ပမှ ဆီတင်သွင်းမှုကြောင့် ကုန်ကျငွေများမှာ မကာမိသည်ကို တွေ့ရှိရကြောင်း၊ မြေပဲနှင့် နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းမရှိဘဲ ပြည်တွင်းဆီထုတ်လုပ်မှုအတွက်သာ အသုံးပြုမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့ထက်ပိုမိုသေချာစေရန်အတွက် စိုက်ပျိုးဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ကြိုးစားဆောင်ရွက်ပါက မိမိတို့နိုင်ငံ၏ ဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်စဉ်ပြည်ပမှ ဒေါ်လာသန်း ၆၀၀ ဖိုးခန့် တင်သွင်းနေရသည့် ဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ပဲတင်ပို့မှုတွင်လည်း မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် အဆင့် ၂ နှင့် ၃ နေရာတွင်ရှိ ကြောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့သည် ပြည်ပဈေးကွက်သို့ အများဆုံးတင်ပို့နေသည့် ပဲများဖြစ်ကြောင်း၊ ပဲနှင့် ပတ်သက်သည့် ပစ္စည်းများကိုလည်း အထွက်နှုန်းတိုးအောင်ဆောင်ရွက်မည်၊ စိုက်ပျိုးခြင်းမပြုနိုင်သည့် စိုက်ပျိုးမြေဧက ၇ သန်းကျော်တွင် ပဲများစိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ပဲထုတ်လုပ်မှုသည် ဈေးကွက်သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုဖြစ်သဖြင့် ပို့ကုန်ပမာဏများ များစွာတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ဆီထွက်သီးနှံနှင့် ပဲတို့သည့် စိုက်ပျိုးရေးကဏ္ဍကြီးတွင် အဓိကအနေဖြင့် ပါဝင်ပြီး GDP ကို တိုးတက်စေနိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံး ဝါစိုက်ပျိုးမှုမှာ စိုက်ဧက ၈ သိန်းကျော်ရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၈၉ သိန်းအထိ ကျဆင်းသွားခဲ့သဖြင့် ဧက ၄ သိန်းကျော်ခန့် လျော့နည်းသွားခဲ့ကြောင်း၊ ထိုသို့လျော့နည်းသွားရခြင်းမှာ ဝါစိုက်ပျိုးမှုကို သေချာစေရန် အားပေးဆောင်ရွက်ခဲ့မှုများ အားနည်းခဲ့ခြင်းကြောင့်ဖြစ်သည်ကို စိုက်ပျိုးတောင်သူများ၏ တင်ပြချက်အရသိရှိရကြောင်း၊ ဝါစိုက်ပျိုးဧက ၈ သိန်းကို စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဝါဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ကုန်နှင့် ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန်လိုသကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာနှင့် စိုက်ပျိုးရေများလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

### အထွက်နှုန်းများတိုးတက်စေရေး

မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး တို့သည် မိမိတို့နိုင်ငံအနေဖြင့် မရှိမဖြစ်စားသုံးသည့် သီးနှံများဖြစ်ကြကြောင်း၊ ကြက်သွန်ဖြူအချို့အား ပြည်ပမှ တင်သွင်းနေပြီး အာလူးစိုက်ပျိုးမှုမှာလည်း ပြည်တွင်းလိုအပ်ချက် လုံလောက်ရုံမျှသာ စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း၊ အဆိုပါသီးနှံများ၏ တစ်ဧကအထွက်နှုန်းများ အားနည်းနေသဖြင့် အထွက်နှုန်းများတိုးတက်စေရေး စိုက်ပျိုးထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် အာလူးတို့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင် နေသည်ကို သိရှိရန်လိုကြောင်း။

ပြည်ပဈေးကွက်ဝင်ဖြစ်သည့် ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ သေချာသည့် ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ဆီထွက်သီးနှံ၊ ပဲ၊ ဝါ၊ မီးဖိုချောင်သုံးသီးနှံများ၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးခြင်းတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍကြီးတွင် များစွာပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း။

### ဝယ်လိုအားနှင့် ရောင်းလိုအား မျှတအောင် မွေးမြူရန်လို

မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍လည်း ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့သည် မိမိတို့နိုင်ငံတွင် မွေးမြူဖြစ်ထွန်းကြောင်း၊ သို့သော် အသား၊ ငါးများ၏ ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း၊ အရေအတွက်များများ ထုတ်လုပ်နိုင်မှသာ များများရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတအောင် မွေးမြူရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ပြည်တွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြင့် အားလုံး ထုတ်လုပ်၍ရကြောင်း၊ အလားတူ ပရိတင်းဓာတ်ကြွယ်သည့် မြက်များစိုက်ပျိုးနိုင်သည့် မြေနေရာများရှိပြီးဖြစ်ကြောင်း၊ အသား၊ ငါးများ၏ ဈေးနှုန်းများကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း။

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှု အားပေးခြင်းမရှိသဖြင့် ပြည်ပမှ တင်သွင်းနေရမှုများ ရှိကြောင်း၊ ဥပမာအားဖြင့် နို့ထွက်ပစ္စည်းများ၊ စက္ကူများ၊ စက်ဘီးနှင့်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို သန့်ပေါင်းများစွာတင်သွင်းနေရကြောင်း၊ အလားတူ ဝါနှင့် ချည်ထည်ပစ္စည်းများကိုလည်း တင်သွင်းနေရကြောင်း၊ အဆိုပါပစ္စည်းများကို ယခင်ကပြည်တွင်း၌ ထုတ်လုပ်ခဲ့သော်လည်း ထုတ်လုပ်မှုအားမပေးခဲ့ခြင်းကြောင့် စက်ရုံများရပ်ဆိုင်းခဲ့ရကြောင်း၊ ပြည်တွင်း၌ စက္ကူထုတ်လုပ်ရေးလုပ်ငန်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများနှင့် ချည်ထည်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတို့တွင် GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းပြီး ရောင်းကုန်များမရှိသဖြင့် ပြည်ပပို့ကုန်အားနည်းပြီး ပြည်ပကုန်သွယ်မှုတွင် နှစ်ပေါင်းများစွာ လိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁၂ ဘီလီယံကျော် ရှိခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၆၁ ဘီလီယံရှိကြောင်း၊ လိုငွေများကို Non Trade ဝင်ငွေများမှ ရရှိသည့်ငွေများဖြင့် သုံးစွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းနှင့် ဒုတိယသက်တမ်းတွင် နိုင်ငံတကာမှထောက်ပံ့ငွေ၊ ကူညီငွေနှင့် ချေးငွေများရရှိခဲ့ကြောင်း၊ အဆိုပါရရှိသည့်ငွေများဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်သွားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရမှ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာမှ ပိတ်ဆို့မှုများ လုပ်ဆောင်လာကြောင်း၊ ရှိပြီးဖြစ်သည့် နိုင်ငံခြားငွေများ သုံးစွဲ၍ မရစေရန်၊ ရရန်ရှိသည့် ရောင်းကုန်ပစ္စည်းရငွေများ မပေးချေနိုင်စေရန် ပိတ်ဆို့မှုမျိုးစုံဖြင့် ဆောင်ရွက်လာကြောင်း၊ မိမိတို့အနေဖြင့် ပို့ကုန်များမရှိဘဲ လိုသမျှကို မှာယူအသုံးပြုနေမည်ဆိုပါက နိုင်ငံခြားငွေလိုအပ်မှုများ လာမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ရနိုင်သမျှထုတ်လုပ်နိုင်ရေး တာဝန်ရှိသည်ကို ပြောကြားလိုကြောင်း။

အသုံးစရိတ်ချွေတာရေးနှင့် ပတ်သက်၍ မဖြစ်မနေ သုံးစွဲရန်လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြစေလိုကြောင်း၊ ဖြုန်းတီးမှုများမဖြစ်စေရေး အသုံးစရိတ်များကို စနစ်တကျဖြင့် သုံးစွဲကြရန်လိုကြောင်း၊ အသေးစိတ်စုစု၍ ခြိုးခြံချွေတာနိုင်မှသာ ပြည်တွင်းလိုငွေပြမှုနှင့် နိုင်ငံခြားငွေ လိုငွေပြမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ် ထုတ်ကုန်များကို အသုံးပြုရန်လိုကြောင်း။

မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲနေမှုများလည်းရှိကြောင်း၊ မြေပေါ်သယံဇာတများဖြစ်သည့် သစ်များကိုလည်း တရားမဝင်ခိုးထုတ်၍ ပြည်ပသို့ တင်ပို့ရောင်းချနေမှုများလည်း ရှိကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် သယံဇာတများကို တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူပြီး ပြည်ပသို့ မှောင်ခိုတင်ပို့နေခြင်းကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုများကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်တွင်းစီးပွားရေးနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားရန်တိုက်တွန်းလိုကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေး၌ ဒေသတွင်းစားသုံးမှု၊ နိုင်ငံတွင်းစားသုံးမှုအတွက် ဖူလုံအောင်ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ကုန်အတွက် ထုတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သွင်းကုန်အစားထိုးထုတ်လုပ်ခြင်းအနေဖြင့် စက္ကူ၊ ရော်ဘာပစ္စည်း၊ နို့ထွက်ပစ္စည်း၊ ချည်ထည်ပစ္စည်း စသည့် ပစ္စည်းများကို ပြည်တွင်း၌ တတ်နိုင်သမျှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

**ဓာတ်မြေဩဇာများရရှိရေး ဆောင်ရွက်**

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ဓာတ်မြေဩဇာများရရှိရေးအတွက် ထိုက်သင့်သလောက် ပြည်ပမှတင်သွင်းပေးမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာများရရှိရေး ဆောင်ရွက်သကဲ့သို့ သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများဖြင့် သုံးစွဲရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ ယခင်အစိုးရသက်တမ်းကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ခြင်းနှင့် ဖျက်သိမ်းခြင်းများကို ပြုလုပ်ခဲ့သဖြင့် လက်ရှိအချိန်တွင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိမှု မရှိသေးကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများကိုလည်း အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gasifires Power သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် ရေချိုများပေါ်များစွာရှိပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေများကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးကွက်သုတေသန၊ ထုတ်လုပ်မှုသုတေသနများ ပြုလုပ်ထားရန်လိုကြောင်း၊ ပြည်ပလိုအပ်ချက်ရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စွာဖြင့် အရည်အတွက် များများ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများပြုလုပ်ရန်လိုကြောင်း၊ ဈေးကွက်သုတေသနကိုလည်း အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး အမြဲမပြတ်သုတေသနပြုဆောင်ရွက်နေရန် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်ခြင်းထက် ဝယ်ရောင်းလုပ်ငန်းများ ဆောင်ရွက်သည်မှာ ပိုမိုများပြားကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့နိုင်ငံစီးပွားရေး၏ ထိုးနှက်ချက်များ ဖြစ်ကြောင်း။

> “ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ဓာတ်မြေဩဇာများရရှိရေးအတွက် ထိုက်သင့်သလောက် ပြည်ပမှတင်သွင်းပေးမည်ဖြစ်၊ ဓာတ်မြေဩဇာများ ရရှိရေးဆောင်ရွက်သကဲ့သို့ သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများဖြင့် သုံးစွဲရေးအတွက်လည်း ဆောင်ရွက်ကြရန်လို၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိ ”

ခိုင်မာသည့်ဝင်ငွေများရရှိနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍ ရောင်းကုန်ပစ္စည်းများရရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လက်ရှိဖြစ်ပွားနေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်သကဲ့သို့ နိုင်ငံခြားပို့ကုန်များပြားလာပါက ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေများ တိုးတက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံချစ်စိတ်ဖြင့် စီးပွားရေးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်၊ အသုံးစရိတ်များ လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအစည်းအဝေးမှ နိုင်ငံစီးပွားရေးမြှင့်တင်ရေးနှင့် ပတ်သက်၍ အကြောင်းအရာများအလိုက် ဖော်ထုတ်ချက်များရရှိပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အကန့်အသတ်များနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (မတ်လကုန်) အထိ ကဏ္ဍအလိုက် ဂျီဒီပီတိုးတက်မှု၊ လယ်ယာ၊ စက်မှုဝန်ဆောင်မှုစသည့်ကဏ္ဍကြီး သုံးရပ် တိုးတက်မှု၊ ရန်ပုံငွေ အမျိုးအစားအလိုက် ဆောင်ရွက်နေမှုများ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေ ထုတ်ချေးပြီးစီးမှု၊ ငွေကြေးဖောင်းပွမှု၊ ရငွေအသုံးစရိတ်နှင့် ကြွေးမြီ၊ ရငွေတိုးတက်ရရှိရေးနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှုအားကောင်းရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေးနှင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေး ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်သွားရေးနှင့် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်နေမှု၊ ရေထွက်ပစ္စည်း ထုတ်လုပ်နိုင်မှုနှင့် နိုင်ငံခြားဝင်ငွေရရှိမှု၊ KG + 9 ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများကို စီးပွားရေးအရ ထွက်ခြေကိုက်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပိုမိုကောင်းမွန်စေရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ရေး၊ ဈေးကွက်ယှဉ်ပြိုင်မှု မျှတအောင် တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်ရေး၊ ကုန်စည်စီးဆင်းမှုနှင့် ငွေကြေးစီးဆင်းမှု မှန်ကန်စေရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ MSME လုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများ၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ နည်းပညာများ ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်မည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရေး၊ တပ်မတော်စက်ရုံအလုပ်ရုံများမှ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချပေးမှုနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် ဆီထွက်သီးနှံနှင့်ပတ်သက်၍ ပြည်ပသို့ မြေပဲနှင့် နှမ်းများ တင်ပို့ခဲ့ကြောင်း၊ မြေပဲနှင့်နှမ်းများကို ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် ကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစားအစာများဖြင့် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များ၏ တာယာနှင့် ကျွတ်များကိုလည်း များစွာ တင်သွင်းခဲ့ရကြောင်း၊ အဆိုပါတာယာနှင့်ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်၍ရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများမှ နိုင်ငံ့ဝင်ငွေကို ထိခိုက်စေမှုများဖြစ်သည့် မသမာသည့် ကုန်သွယ်မှုများ ဖြစ်ပေါ်နေမှုအပေါ် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ရှိသူများအားလုံးအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် တင်ပြဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများအား အကျိုးအမြတ်ရှိစွာဖြင့် လည်ပတ်နိုင်ရေး ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပုဂ္ဂလိကမှ ဆောင်ရွက်နိုင်ခြင်းမရှိသည့် စက်ရုံအလုပ်ရုံများကို ဆောင်ရွက်ရာတွင်လည်း မှန်မှန်ကန်ကန်ဖြင့် ကိုယ်ကျိုးအတွက်မကြည့်ဘဲ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များသည် MSME လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်ကြောင်း၊ အဆိုပါကုန်ကြမ်းများကို အကျိုးရှိစွာ အသုံးချ၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဒေသစီးပွားရေးမြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးထားပြီး အများအတွက် အကျိုးရှိစေရေး စနစ်တကျအသုံးချရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းဖြစ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များကိုလည်း မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာ တိုင်းပြည်၏အနာဂတ် တိုးတက်ရေးအတွက်ပင်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာများ တတ်မြောက်မည်ဖြစ်သဖြင့် စိုက်ပျိုး မွေးမြူရေး၊ စက်မှုနှင့် နည်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ပေါများကြွယ်ဝစွာရှိရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ပြီး အတန်းပညာရရှိရေးနှင့် အတတ်ပညာရရှိရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဘူတာကြီးဝင်းအတွင်း စက်ခေါင်းစက်ရုံအနီးရှိ ရန်ကုန်-မန္တလေး ရထားလမ်းဘေး မြေကွက်လပ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာပေါ်ရှိ လူနှင့် သက်ရှိသတ္တဝါအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် သစ်ပင်သစ်တောများကို မှီခိုနေထိုင်လျက်ရှိကြောင်း၊ သစ်တောသစ်ပင်များက လိုအပ်သောအစားအစာများ၊ အသုံးအဆောင်များ၊ သစ်တောထွက်ပစ္စည်းအမျိုးမျိုး စသည်တို့ကို ထောက်ပံ့ပေးနိုင်ခြင်း၊ မြေဆီလွှာနှင့် ရေကို ထိန်းသိမ်းပေးခြင်းကြောင့် သောက်သုံးရေများကို ရယူသုံးစွဲနိုင်ခြင်း၊ အောက်ဆီဂျင်ကို ထုတ်ပေးနိုင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးသောသစ်ပင်များ ရှင်သန်ကြီးထွားရေးကိုလည်း ဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန် သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုကဲ့သို့ အစဉ်အလာကောင်းကို ရေရှည်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများက စိန်တလုံး သရက်ပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့တွင် နိုင်ငံအတွင်း ဒေသအနှံ့အပြားရှိ ဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ ရုံးချုပ်များနှင့် ရုံးများတွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဆင်နွှဲကြပြီး ရတနာတန်းဝင်အပင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင် စုစုပေါင်း ၁၉၈၃၂ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ် (၂၉)အနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားတက်ရောက်ကြသူများနှင့်အတူ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏ (၂/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထိရောက်စွာ နိုင်ငံတကာအကူအညီပေးအပ်ရေးအတွက် သက်ဆိုင်သူများအကြား ပေါင်းစပ်ညှိနှိုင်းရန် နည်းလမ်းရှာဖွေရေးအတွက် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အဓိကဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မိုခါမုန်တိုင်းဒဏ်သင့်နေရာများတွင် တုံ့ပြန်ဆောင်ရွက်မှုများကို အစိုးရတစ်ရပ်လုံး/လူမှုအဖွဲ့အစည်းတစ်ရပ်လုံးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စကို ဆွေးနွေးပြောကြားသည်။

လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်းက မုန်တိုင်းဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတကာမှ အကူအညီပေးအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မုန်တိုင်းသင့်ဒေသများတွင် လက်တွေ့ကျသည့်နည်းလမ်းဖြင့် အဖြေရှာ၍ တုံ့ပြန်ဆောင်ရွက်ရန် အရေးကြီးကြောင်းကို အလေးပေးဆွေးနွေးပြောကြားသည်။

ထို့ပြင် ကော်မတီဝင်များက မုန်တိုင်းသင့်ပြည်သူများအတွက် ထိရောက်စွာအကူအညီပေးရေး ပေါင်းစပ်ညှိနှိုင်းနိုင်မှုအခြေအနေများအပေါ် အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**



ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတရေး၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်စေရန် ရည်ရွယ်၍ ဇွန် ၂၄ ရက်က စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်း၍ စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းဘေးဝဲယာတွင် တမာပင် ၂၂၅ ပင် စုပေါင်းစိုက်ပျိုးစဉ်။

ဇော်ဘီ

# မြဝတီမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေပေးအပ်

**မြဝတီ ဇွန် ၃၀**

ကရင်ပြည်နယ် မြဝတီမြို့ရှိ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး (ပထမအကြိမ်) ရန်ပုံငွေပေးအပ်ပွဲကို ဇွန် ၂၈ ရက်က ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ ခွဲဝေချထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး (ပထမအကြိမ်) လုပ်ငန်း ၁၁ ခုအတွက် ရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ခွဲဝေပေးသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

○ *ကျော်ဖုံးမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် နိုင်ပွဲဆက်ခဲ့ပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ရှုံးပွဲမရှိစံချိန်မှာလည်း ၄၄ ပွဲအထိ ရှိလာသည်။

ပွဲအစတွင် မဟာယူနိုက်တက်အသင်းက ဂိုးရနိုင်သည့်အခွင့်အရေး အချို့ရသော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ၅၅ မိနစ်တွင် မြတ်ကောင်းခန့်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကိုထိန်းကာ အနိုင်သုံးမှတ်ရယူခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၀ ပွဲကစား ရမှတ် ၂၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ကိုးပွဲကစား ၂၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ကိုးပွဲကစား ၁၇ မှတ်၊ ဟံသာဝတီအသင်းက ၁၀ ပွဲကစား ၁၆ မှတ်၊ ရတနာပုံ၊ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့က ၁၀ ပွဲကစား ၁၂ မှတ်စီ၊ ဒဂုံစတားနှင့် မဟာယူနိုက်တက်အသင်းက ၁၀ ပွဲကစား ၁၁ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ၁၀ ပွဲကစား ကိုးမှတ်၊ ရေဝတီအသင်းနှင့် GFA အသင်းက ၁၀ ပွဲကစား ခုနစ်မှတ်စီ ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) နှင့် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) တို့အား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

တောင်ကြီး ဇွန် ၃၀



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အဖွဲ့ဝင်များဖြစ်သော ဦးသန်းစိုး၊ ဦးဘရန်ရှောင်၊ ဦးမြင့်သိန်းတို့နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် မေလတွင် မှတ်ပုံတင်ခွင့်ရရှိပြီးသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၊ အင်းအမျိုးသား အဖွဲ့ချုပ်ပါတီ (Inn National League Party) နှင့် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ ကို တွေ့ဆုံစစ်ဆေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမိန့်ကျပြီးနောက် ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့် ပါတီဝင်အင်အား ပြည့်မီအောင်စုဆောင်းရေးနှင့် ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနများမှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ နိုင်ငံရေးပါတီများရှိ ပါတီဝင်များတွင် ယခင်သုံးခေါက်ချိုးအမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် သွားရောက်လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားရာ **(အပေါ်ပုံ)** သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် အခြေစိုက်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီဌာနချုပ်သည် တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက် အနောက်မြို့ပတ်လမ်း အမှတ် (၁၈) တွင်တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) သည် ညောင်ရွှေမြို့ ကံသာရပ် တိတ်နန်းတံတားအနီး ရုံးကြီးလမ်းတွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၂၀/၂၀၂၃) ဖြင့်လည်းကောင်း၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party) ဌာနချုပ်ကို ကလောမြို့(၁၀) ရပ်ကွက် ချယ်ရီလမ်း အမှတ် (၁၀/၆၄)တွင် ဖွင့်လှစ်ထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၂၆/၂၀၂၃) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ (၉) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများတည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းနည်းပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

**အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန်ဖြစ်မြောက်နိုင်စွမ်း နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အဆိုပါ အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီနာယကကြီးများ၊ ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က လာမည့် နွေရာသီကာလအတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး နေအား၊ လေအားနှင့် ရေအားစသည့် ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များဖြင့် လည်းကောင်း၊ အပူစွမ်းအင်သုံးစွမ်းအင်အရင်းအမြစ်များဖြင့် လည်းကောင်း ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်မှုများအနက် မြန်မာနိုင်ငံမြစ်ကြီးများ၏ ရေအရင်းအမြစ်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေးအပြင် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ခြင်းဖြင့် စိုက်ပျိုးမြေများ ပိုမိုဖော်ထုတ်လာနိုင်ရေးနှင့် မြစ်ကြောင်းအတွင်း သွားလာမှု ပိုမို မြန်ဆန်နိုင်ရေးတို့အတွက် စူးစမ်းလေ့လာမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အနိမ့်တမံစနစ် ရေအားလျှပ်စစ် စီမံကိန်းများ အတွက် လျာထားနေရာများကို လေ့လာခဲ့ပြီး တွေ့ရှိရသည့် မြစ်ကမ်းပါး နှစ်ဖက် ကျောက်ပေါ်ထွက်မှု၊ ရေလမ်းကြောင်းသွားလာမှုအခြေအနေ၊ ရေမျက်နှာပြင်အကျယ်၊ ရေအနိမ့်အမြင့်ကွာခြားမှု၊ ရေအတိမ်အနက်၊ ရေစီးနှုန်း၊ မြစ်ရေထုထည်စီးနှုန်း၊ သဲနုန်းပို့ချမှု၊ မြစ်အရည်အသွေး၊ မြစ်ကြောင်းပြောင်းလဲမှု၊ ဘူမိဗေဒနှင့် မြေငလျင်ဆိုင်ရာ အခြေအနေများကို ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ ပညာရှင်ကြီးများက နည်းပညာပိုင်းဆိုင်ရာများအား ဝိုင်းဝန်းအကြံပြုဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က ပင်မမြစ်ကြောင်းများနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်မည့်အခြေအနေ၊ ပဏာမစူးစမ်း လေ့လာခဲ့သည့် အနိမ့်တမံ စီမံကိန်းများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ နာယကများ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက အချက်အလက်အသေးစိတ် ရရှိနိုင်ရေးအတွက် လေ့လာစူးစမ်း သုံးသပ်မှုများအား အချိန်ယူ၍ ဆောင်ရွက်သင့်သည့် အခြေအနေ၊ မြစ်ကြောင်း ပြောင်းလဲမှုများနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် လေ့လာဆန်းစစ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ ပင်လယ်ဆားငန်ရေ ဝင်ရောက်နိုင်မှုအခြေအနေ၊ အသေးစိတ်တိုင်းတာ ရရှိသော အချက်အလက်များကို အခြေခံ၍ Physical Model test များဖြင့် အဆင့်ဆင့်လေ့လာခြင်းနှင့် လုပ်ငန်းဆောင်ရွက်သည့် Phase by Phase အဆင့်တစ်ခုချင်းစီကို သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီး ပါဝင်သောကော်မတီဖြင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည့် အခြေအနေနှင့် နိုင်ငံတကာအတွေ့အကြုံရှိသည့် အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း အကောင်းဆုံးဖြစ်သည့် နေရာများတွင် စူးစမ်းလေ့လာမှုများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးစားမှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျကြပ်မတ်ကွပ်ကဲပြီး မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ထားရှိရန် တို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်လျှပ်စစ် မန်နေဂျာ/ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ/ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၃၀

**တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အဋ္ဌမနေ့ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။**





နံနက်ပိုင်းတွင် လေ့ကျင့်ရေး ကွင်း အမှတ်(၁)၌ ပညာရေး ဝန်ကြီးဌာန(က) အသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေး ဝန်ကြီးဌာန(က)အသင်းက ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ လေ့ကျင့်ရေး ကွင်း အမှတ်(၃)၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ် (၃)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

အလားတူ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ကျင်းပသည့် ကွာတား ဖိုင်နယ် ရှုံးထွက်ပွဲစဉ်များသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်၊ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်း ဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များ နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမား များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာ ရှင်ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ဇူလိုင် ၁ ရက်တွင် ပြိုင်ပွဲ ခေတ္တရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ အကြိုဗိုလ်လု ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပညာရေး ဝန်ကြီးဌာန(က)တို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ညနေပိုင်း တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်း နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင် ကစားကြမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုဂ္ဂလိကပညာရေး ဥပဒေနှင့်အညီသင်ကြားရေး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇွန် ၃၀**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းတည့် ၁၂ နာရီ တွင်နေပြည်တော်ရုံးအမှတ် ၁၃ အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်များနှင့်အတူ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဝင်များနှင့် Virtual စနစ်ဖြင့် တွေ့ဆုံကာ ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ သင်ရိုးညွှန်းတမ်း များသင်ကြားရေး ဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကပညာရေး ဥပဒေကို ၂၀၂၃ ခုနှစ် မေလ ၁၂ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၀/၂၀၂၃ ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများသည် အဆိုပါ ဥပဒေ ပုဒ်မ ၃၂ (က) (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထား သော ပြဋ္ဌာန်းချက်များနှင့်အညီ သင်ရိုးညွှန်းတမ်း များကို လိုက်နာသင်ကြားကြရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၂ (က)တွင် နိုင်ငံတကာသင်ရိုးညွှန်းတမ်း နှင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်စေရန်၊ မြန်မာ့ ယဉ်ကျေးမှု မပျောက်ပျက်စေရန် မြန်မာစာ၊ မြန်မာ့ သမိုင်း နှင့် မြန်မာ့ပထဝီဝင်အပါအဝင် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထား သည့် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြား ခြင်းဟု ပြဋ္ဌာန်းထားရာ ပြဋ္ဌာန်းထားသော ဘာသာရပ် အားလုံးကို သင်ရိုးညွှန်းတမ်းအပြည့်အစုံ သင်ကြား ရန်ဖြစ်ကြောင်း။

ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများအနေဖြင့် ကျောင်းသား ကျောင်းသူများ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို မြတ်နိုးလေးစား တန်ဖိုးထား တတ်စေရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန် ထက်မြက်စေရန် အလေးထားသင်ကြားပေးရေး အတွက် ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော်ပေး ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဤကောင်းမွန် သော အလေ့အကျင့်များ၊ စိတ်ဓာတ်ကောင်းများကို သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုစနစ်များက ပြုစု ပျိုးထောင်ပေးနိုင်သဖြင့် အမျိုးသားရေး တာဝန် တစ်ရပ်အဖြစ်ခံယူလျက် ဝိုင်းဝန်းဆောင်ရွက်ပေး ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဝင်များနှင့် ဥပဒေပညာ ပါမောက္ခများက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြု

ပဲခူး ဇွန် ၃၀

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြု ချီးမြှင့်ပွဲကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်ဦးမျိုးဆွေဝင်းက ဂုဏ်ပြုသြဝါဒ စကားပြောကြားပြီး တက္ကသိုလ် ဝင် စာမေးပွဲတွင် ၅ ဘာသာနှင့် ၄ ဘာသာ ဂုဏ်ထူးရရှိသူများ အားလည်းကောင်း၊ တိုင်းဒေသ ကြီး တရားလွှတ်တော် တရား သူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက ၄ ဘာသာဂုဏ်ထူး ရရှိသူများအား လည်းကောင်း၊ တာဝန်ရှိသူများက ၃ ဘာသာ ဂုဏ်ထူးရရှိသူများအား လည်း ကောင်း ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် သည်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၃၉၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၈၅၃၁ ဦး အောင်မြင်ခဲ့ရာ အောင်မြင်မှု ၆၈ ဒသမ ၈၃ ရာခိုင်နှုန်းရရှိခဲ့ပြီး ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိ မှုအနေဖြင့် ၅ ဘာသာဂုဏ်ထူး ရရှိသူ ၁၉ ဦး၊ ၄ ဘာသာဂုဏ်ထူး ရရှိသူ ၁၁၄ ဦး၊ ၃ ဘာသာဂုဏ်ထူး ရရှိသူ ၃၉၃ ဦး ရရှိခဲ့သဖြင့် ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့က စုစု ပေါင်း ငွေကျပ် ၈၆၅၀၀၀၀၀ ဂုဏ်ပြု ချီးမြှင့်ခဲ့ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးမှူး ဒေါက်တာဌေးမင်းနှင့် ကျန်းမာရေးဝန်ထမ်း များက ဇွန် ၃၀ ရက်တွင် တောင်ငူမြို့ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းကျန်းမာရေးဆေးပေးခန်း၌ ကျောင်းသား ကျောင်းသူ ၆၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးစဉ်။** ခရိုင် (ပြန်/ဆက်)



# ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ်အတွေ့အကြုံရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၃၀

**ပြည်ပနိုင်ငံများ၌ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ် အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတကာအတွေ့အကြုံကို အခြေခံပြီး မိမိတို့၏ လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပသို့သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများအား ယခုကဲ့သို့ မျှဝေသည့်အစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်သွားရောက်ခဲ့သူများက ကြုံတွေ့ခဲ့ရသော ကျယ်ပြန့်သည့်၊ အများစိတ်ဝင်စားမည့် အတွေ့အကြုံများကို ဆွေးနွေးပေးရန်နှင့် တက်ရောက်နားထောင်သူများက ၎င်းတို့၏ အတွေ့အကြုံ မျှဝေမှုအပေါ်တွင် သိသင့်သိထိုက်သည်များ၊ သိရှိလိုသည်များကို မေးမြန်းပေးစေလိုကြောင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ လေ့လာရေးခရီးစဉ် စသည်ဖြင့် မိမိတို့သွားရောက်ခဲ့သည့် နိုင်ငံတကာအတွေ့အကြုံများကို မိမိတို့လုပ်ငန်းခွင်အတွက် အကျိုးရှိအောင် ပြန်လည်အသုံးချစေလိုကြောင်း၊ ပြောင်းလဲနေသော ခေတ်ကြီးတွင် နိုင်ငံတကာ အတွေ့ အကြုံများကို အခြေခံ၍ မိမိတို့ ဌာန၊ လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင်က စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာရှဗီဒီယိုလုပ်ငန်းရှင်များအသင်း စားပွဲဝိုင်းဆွေးနွေးပွဲနှင့် အာရှဗီဒီယို ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကို လည်းကောင်း၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးသန့်က ကမ္ဘောဒီယားနိုင်ငံ ဆီရမ်ရိမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် သတင်းမီဒီယာလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီး အရာရှိ ဒေါ်တင်တင်မြတ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် အာဆီယံသွင်ပြင်လက္ခဏာနှင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးဆိုင်ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံ အဏ္ဏဝါပလတ်စတစ် စွန့်ပစ်ပစ္စည်းများဆိုင်ရာ မှတ်တမ်းရုပ်ရှင်ထုတ်လုပ်ခြင်းဖြင့် ရုပ်သံထုတ်လွှင့်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း စိတ်ဝင်စားဖွယ် ဗီဒီယိုကလစ်များဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ပြည်ရေနံမြေ ရှာဖွေရေးအစမ်းတွင်း၊ တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းနှင့် ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ(တီတွတ်) သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၃၀

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးရှိ ပြည်ခရိုင်အနောက်ဘက်ကမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တူးဖော်နေသော ရှာဖွေရေးအစမ်းတွင်း၊ တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းနှင့် ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ(တီတွတ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ရေနံမြေရှင်းလင်းဆောင်၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ ပြည်ရေနံမြေအထွေထွေမန်နေဂျာက ရေနံထုတ်လုပ်မှုဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းသုံးပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ ရေနံမြေလုံခြုံရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများကို အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ခရိုင်အနောက်ဘက်ကမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တူးဖော်နေသော ရေနံရှာဖွေရေးအစမ်းတွင်းသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက တွင်းတူးဖော်နေသည့်နေရာရှိ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များနှင့် တွင်းတူးဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြောကြားပြီး ရေနံအစမ်းတွင်း တူးဖော်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီတွတ်ပိုက်လိုင်း အခြေစိုက်စခန်းသို့ ရောက်ရှိရာ စခန်းတာဝန်ရှိသူများက လိုအပ်သော သဘာဝဓာတ်ငွေ့များကို ပို့လွှတ်နိုင်ရေး ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းနှင့် သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်များ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့များ စဉ်ဆက်မပြတ် ပို့လွှတ်ပေးနိုင်ရေး ပိုက်လိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ၊ ဖိအားမြှင့်စက်များနှင့်သတ်မှတ် ဖိအားပုံမှန်ပို့လွှတ်ပေးနိုင်ရေး စီမံချက်ချမှတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အရာထမ်း၊ အမှုထမ်းများကို အင်အားဖြည့်အစားအစာများပေးအပ်ကာ ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ(တီတွတ်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နေပြည်တော် ဥတ္တရခရိုင် မီးသတ်ဦးစီးဌာနမှူးရုံး၌ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ ရက်က ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၁၀ တို့က ပျိုးပင်ပေါင်း ၄၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။

အောင်မျိုးဝင်း(ပြန်/ဆက်)

# တနင်္သာရီမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀၀ ကျော် ထုတ်ချေး

တနင်္သာရီ ဇွန် ၃၀

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိန်ခွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို (န၀မ)အကြိမ်အဖြစ် အသင်းသူအသင်းသား ၉၉ ဦးအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅၄ သိန်း ချေးငွေထုတ်ချေးပေးခြင်းကို ယနေ့ နံနက်၁၀ နာရီကကျေးရွာ ဘုန်းကြီးကျောင်းအတွင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်သူဇာမိုးက ရန်ပုံငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ယင်းရန်ပုံငွေများထံမှ သိန်ခွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးနှင့် ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးတို့အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးတိုင်းဒေသကြီး မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ ဖွင့်လှစ်ပေး

**နေပြည်တော် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာစီမံကိန်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း (MDA)မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး**(အပေါ်ယာပုံ)** အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက လူမှုပတ်ဝန်းကျင်၌ စားရေး၊ ဝတ်ရေး၊ နေရေးဆိုသည့် အဓိက ကျသည့် အခြေခံအရေး (၃) ပါးသည် မရှိမဖြစ် လိုအပ်သည့်အတွက် လူသားတိုင်းသည် နိစ္စဓူဝကြိုးစားလုပ်ကိုင်နေကြရကြောင်း၊ လုံခြုံမှုရှိပြီး နွေးထွေးစွာနေထိုင်နိုင်ရေး၊ သိုက်သိုက်ဝန်းဝန်းဖြင့် ပျော်ရွှင်စွာနေထိုင်နိုင်ရေးသည် အရေးကြီးသောကြောင့် မိသားစုတစ်စု၊ လူတစ်ဦးချင်းအတွက် "အိမ်"၊ "အိမ်ခန်း" ဆိုသည့် အသိုက်အမြုံတစ်ခုသည် မရှိမဖြစ် လိုအပ်ကြောင်း။

ပြည်သူ့အငှားအိမ်ရာစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၅၁ ခုနှစ်ကပင် ကျင့်သုံးခဲ့ခြင်းဖြစ်ပြီး ဝင်ငွေနည်းပြည်သူများအတွက် ပြင်ပငှားရမ်းခများထက် သက်သာသည့်နှုန်းထားများဖြင့် ငှားရမ်းနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခုအိမ်ရာဖော်ဆောင်ထားသည့် ပတ်ဝန်းကျင်ဒေသသည်လည်း မကြာမီ မြို့ပြကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည့်အတွက် ပြည်သူ့အငှားအိမ်ရာ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်္ဂလာရန်ကင်း အငှားအိမ်ရာ ဆောက်လုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ မန္တလေးမြို့နေ ဝင်ငွေနည်းပြည်သူများအတွက် များစွာအကျိုးရှိသည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)မှ စီမံကိန်းဒါရိုက်တာတစ်ဦးက အငှားအိမ်ရာ စီမံကိန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အိမ်ရာငှားရမ်းနေထိုင်ခွင့်ရှိသူများကိုယ်စား ကျောင်းဆရာမ တစ်ဦးဖြစ်သည့် ဒေါ်လှိုင်လှိုင်သိန်း က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အိမ်ခန်းနေထိုင်ခွင့်ရရှိသူများထဲမှ ငါးဦး၏ အခန်းနံပါတ်ကို ကနဦး မဲနှိုက်ပေးပြီး ကျန်ရှိသည့် အိမ်ခန်းနေထိုင်ခွင့်ရရှိသူများအတွက် အခန်းနံပါတ် မဲနှိုက်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာစီမံကိန်းအတွင်းရှိ အိမ်ခန်းတစ်ခန်း၏ နမူနာခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ရှိပြီး ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန် အိမ်ခန်း တစ်ခန်းလျှင် ဧည့်ခန်း၊ အိပ်ခန်း နှစ်ခန်း၊ ချက်ပြုတ်ခန်းနှင့် ရေချိုးခန်း၊ သန့်စင်ခန်းတို့ ပါဝင်သည့် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၉၁လုံးဖြစ်ပြီး အိမ်ခန်းပေါင်း ၁၄၅၆ ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး၍ ဝင်ငွေနည်းပြည်သူများကို နေရာချထားပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Vice President နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ Vice President ဖြစ်သူ Mr. Solonetsky Vitaly နှင့် Secretariat ဖြစ်သူ Mr. Seferov Rusher ၊Aquariusသတင်းအချက်အလက်နည်းပညာကုမ္ပဏီ၊ ရုရှားနိုင်ငံအခြေစိုက် CMR Bank နှင့် Food Line Trading ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ရုရှား-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရုရှားနိုင်ငံမှ ခရီးသွားအေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်သည့် ခရီးစဉ် (Familiarization Trip-FAM) ဆောင်ရွက်နေမှုအခြေအနေ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ငွေကြေးလဲလှယ်မှု၊ ငွေပေးချေမှုနှင့် ဘဏ်လုပ်ငန်းများစသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် **(အောက်ပုံ)**၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အရာထမ်း အမှုထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ အုန်းပင်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျည်းပင်နှင့် နှစ်ရှည်ပင်များအပါအဝင် စုစုပေါင်းပျိုးပင် ၁၆၉ ပင် စိုက်ပျိုးကြကြောင်းသိရသည်။ **သတင်းစဉ်**




## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇွန် ၃၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထား ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ထောင်ပိုင်ကွင်းဧရိယာ၌ မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များကို သုံးစွဲရေးနှင့် စနစ်တကျပျိုးထောင်လျက် ပျိုးသက်မှန် စိုက်ပျိုးရန် ပေါင်ဖြင့်ပျိုးထောင်ဆောင်ရွက်ခြင်း ကွင်းသရုပ်ပြပွဲသို့တက်ရောက်ကြည့်ရှုရာ တာဝန်ရှိ သူ တစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အရာရှိရပ်ကွက်ရှိ စန္ဒာလင်္ကာရ ဘုန်းတော်ကြီးကျောင်း၌ နယ်လှည့်ဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှု အားပေးပြီး ဆေးကုသမှုခံယူနေသူများကို စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေး လုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အစိုးရရပ်ကွက်ရှိ ရမ္မာဝတီခန်းမ၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ သည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် သီးနှံမျိုးစေ့များထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်၍ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ထောက်ပံ့ငွေများပေးအပ်ပြီး ဒေသခံပြည်သူများ ထံသို့ စနစ်တကျ ကြပ်မတ်ထုတ်ပေးသွားရန် မှာကြားသည်။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိ နေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး **(အောက်ပုံ)** မိုခါ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ





နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေ အနေများ၊ ထောက်ပံ့ပေးနေမှုများနှင့် ဆက်လက် ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်း ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦး သည် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ ကျောက်တော်မြို့နယ်ရှိ လေဘေး သင့် ဘုန်းတော်ကြီးကျောင်း ၂၄ ကျောင်းအတွက် ဆောက်လုပ်ရေးပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းများကို မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ထောက်ပံ့လှူဒါန်းသည်။ **(အပေါ်ပုံ)**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ မြို့မပရိယတ္တိဘုန်းတော်ကြီး ကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွား ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့၌ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လေဘေးသင့်ပြည်သူများအတွက် “စန္ဒီ ” ပရဆေး များနှင့် ရေသန့်ဆေးပြားများကို တာဝန်ရှိသူများ ထံပေးအပ်ပြီး ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးရန် မှာကြားသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ၊ ဂတ်စ်မီးဖိုနှင့် ဂတ်စ်ဘူးများ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ များ ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ခဲ့သော ကျေးရွာငါးရွာမှ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အဆိုပါကျေးရွာများ ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညို ကာ ဂတ်စ်မီးဖို၊ ဂတ်စ်ဘူးများ၊ ဆပ်ပြာတောင့်များနှင့် အမှိုက်ပုံးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ပျောက်ဆုံး၊ ပျက်စီးသွားသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီး များ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်း အနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က မျက်မှောက်ခေတ် စိုက်ပျိုးခဲ့သည့် သစ်ပင်များ အပါ အဝင် ခေတ်အဆက်ဆက်စိုက်ပျိုး ထားရှိခဲ့ကြသည့် သစ်ပင်ကြီးများ ကြောင့် မိုခါမုန်တိုင်းတိုက်ခတ်မှု ဒဏ်ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ခဲ့၊ သက်သာခွင့်ရရှိခဲ့ ရကြောင်း၊ ထို့ကြောင့် သစ်ပင်များ စိုက်ပျိုးခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက် ကြရမည်ဖြစ်ပြီး ရှင်သန်ကြီးထွား အောင် အလေးထားဆောင်ရွက်



ဘူးသီးတောင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။

သွားကြရမည် ဖြစ်ကြောင်း၊ အလားတူဒီရေတောများကိုလည်း ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ် ပြီး ဒီရေတောများ ပြန်လည် ထူထောင် စိုက်ပျိုးရေးကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ် ကြောင်း၊ သစ်တောစိုက်ခင်းများ ကို တစ်ဦးတစ်ယောက်တည်း ဖြစ်စေ အစုအဖွဲ့လိုက်ဖြစ်စေ တည်ထောင် စိုက်ပျိုးနိုင်သည် အထိ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ဂေဟစနစ် မပျက်စီးရေးကိုပါ တစ်ပါတည်းဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ် ဦးထိန်လင်း၊ ဒေသကွပ်ကဲရေး မှူး ဗိုလ်မှူးချုပ် ဆန်းဌေးမောင်၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်မြအေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးတို့က တာဝန်ရှိသူများ အား သစ်ပင်ပျိုးပင်များနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ် များကို လွှဲပြောင်းပေးအပ်ကြပြီး ပျိုးပင်များကို အတူတကွ စိုက်ပျိုး ကြသည်။



ပေါက်တောမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးစဉ်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အုန်း၊ သပြေ၊ မန်ကျည်းရှား၊ ပျဉ်းကတိုး၊ ပိတောက်နှင့် သင်းဝင် ပျိုးပင်ပေါင်း ၂၂၅၀ စိုက်ပျိုးခဲ့ ကြပြီး ရုံးပတီ၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ခရမ်းသီး၊ ခရမ်းကွပ်သီး၊ သခွား၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ ပဲလင်းမြွေနှင့် ပဲစောင်းလျား စသည့် မျိုးစေ့ထုပ်များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ပျောက်ဆုံး၊ ပျက်စီးသွားသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဇွန် ၁၂ ရက်မှစ၍ ဆောင်ရွက်ပေးလျက် ရှိရာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ ဘူးသီး တောင်နှင့် ကျောက်တော်မြို့နယ် တို့တွင် နိုင်ငံသားစိစစ်ရေးကတ် ၇၂၂ ကတ်နှင့် အိမ်ထောင်စု လူဦးရေ စာရင်း ၇၅၆ ခုကို ထုတ် ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် နိုင်ငံသား စိစစ်ရေးကတ် ၉၆၇ ကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၆၉၄ ခု ကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**



ပုဏ္ဏားကျွန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးစဉ်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင် စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျက်တောပြင်ကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ မြို့မဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြို့တွင်း လမ်းဘေး ဝဲ/ယာ၌ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ အရာရှိရပ်ကွက်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၃၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ်အဓမ္မရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသမီးတစ်ဦးကို တရုတ်မယားအဖြစ် အဓမ္မရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ မိုးမိုး(ခ)တင်မိုးသန်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မ ----၊ ၂၄/၂၀၁၉ နှစ်အား မူဆယ်မြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်မယားအဖြစ် အဓမ္မရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်း (ပ) ၃၀၁၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၈ ရက်တွင် တရားခံ မိုးမိုး(ခ)တင်မိုးသန်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို စည်းရုံးပြောဆို၍ တရုတ်နိုင်ငံတွင် ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ရန် ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသမီးတစ်ဦးကို စည်းရုံးပြောဆို၍ တရုတ်နိုင်ငံတွင် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေ မခိုင်ဇာသင်း(ခ)ခိုင်ဇာက လိပ်စာတူနေ မ---၊ ၂၇/၂၀၂၀ နှစ်အား မူဆယ်မြို့တွင် အိမ်အကူအလုပ်လုပ်လျှင် တစ်လငွေကျပ်(၄/၅)သိန်း ခန့်ရရှိမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံတွင် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန် ရောင်းစားခဲ့သဖြင့် ဒဂုံတောင် မြို့မရဲစခန်း(ပ) ၈၅၅/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ပြီး အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၈ ရက်တွင် တရားခံ ခိုင်ဇာသင်း(ခ) ခိုင်ဇာအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*နိုင်ငံတကာသတင်း*

# နယူးယောက်မြို့ရှိ အသစ်ဖွင့်လှစ်ထားသော Tiffany & Co. ရတနာဆိုင် မီးလောင်မှုဖြစ်ပွား

**နယူးယောက် ဇွန် ၃၀**

နယူးယောက်မြို့ မင်ဟက်တန်ရပ်ကွက်ရှိ အမေရိကန်၏ အထင်ကရ လက်ဝတ်ရတနာဆိုင်ဖြစ်သည့် Tiffany & Co. ၌ မီးလောင်မှုဖြစ်ပွားရာ လူနှစ်ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်ဟု သိရသည်။ ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲခန့်က Tiffany & Co. ဆိုင်တွင် မီးလောင်မှုဖြစ်ပွားနေသည်ဟု သတင်းရရှိခဲ့ကြောင်း နယူးယောက်မြို့ မီးသတ်အာဏာပိုင်အဖွဲ့က ပြောသည်။



Tiffany & Co. ဆိုင် မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

နှစ်နာရီခွဲခန့်ကြာပြီးနောက် မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးတောက်အရှိန်ကြောင့် အဆောက်အအုံ၏ နံရံပျက်စီးခဲ့သည်။ ဆိုင်ဝန်ထမ်းများ အပါအဝင် လူပေါင်း ၁၀၀ခန့်ကို အခင်းဖြစ်ပွားရာနေရာမှ ဘေးလွတ်ရာသို့ ကယ်တင်ခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။ ဆိုင်၏ လျှပ်စစ်စနစ် မှားယွင်းမှုကြောင့် မီးလောင်ရခြင်းဖြစ်သည်ဟု ယူဆထားပြီး အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

Tiffany & Co. ဆိုင်သည် ၁၉၄၀ ပြည့်နှစ် ကတည်းက ဖွင့်လှစ်ခဲ့သည့်ဆိုင်လည်း ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ဆိုင်ပြင်ဆင်မှုအတွက် ပိတ်ထားခဲ့ပြီး လွန်ခဲ့သည့်နှစ်လခန့်ကမှ ဆိုင်ပြန်ဖွင့်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲမတိုင်မီ ငြိမ်းချမ်းရေးထိန်းသိမ်းရန်နှင့် နိုင်ငံရေးတည်ငြိမ်အောင် ပူးပေါင်းဆောင်ရွက်ရန် ပြည်သူများကို ကမ္ဘောဒီးယားဝန်ကြီးချုပ် တိုက်တွန်း

**ပါဆက်(ကမ္ဘောဒီးယား) ဇွန် ၃၀**

နောက်လ အထွေထွေရွေးကောက်ပွဲမတိုင်မီ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ရေး ပြည်သူများကို မိမိနှင့်အတူ ပူးပေါင်းပါဝင်ကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက် တက်ချိုဟွန်ဆင်က ဇွန် ၃၀ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုသည် ပြည်သူများကို ပျော်ရွှင်မှုပေးရုံသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း စက်ရုံလုပ်သားများနှင့်တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုက်သည်။

ရင်းနှီးမြှုပ်နှံမှု အသစ်များသည် အလုပ်အကိုင်အသစ်များကို ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်းနှင့် အလုပ်အကိုင်ရှာဖွေနေသူများအတွက် တစ်နှစ်လျှင် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၀၀၀၀၀ ခန့်ကို ဖန်တီးပေးနိုင်ရန် ရင်းနှီးမြှုပ်နှံသူများကို အစိုးရက ပိုမိုဆွဲဆောင်သွားမည် ဖြစ်ကြောင်းလည်း ဟွန်ဆင်က ပြောသည်။

နိုင်ငံ၏ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် မိမိတို့သည် ငြိမ်းချမ်းရေးကို ကာကွယ်ရင်း စုစည်းညီညွတ်စွာ နေထိုင်သွားကြရမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမတ်လောင်း ၁၂၅ နေရာအတွက် အထွေထွေရွေးကောက်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပရန် စီစဉ်နေချိန်တွင် ဝန်ကြီးချုပ်က ယခုလိုတိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

အမျိုးသား ရွေးကောက်ပွဲကော်မတီ ထုတ်ပြန်ချက်အရ အဆိုပါ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ အဖွဲ့ပေါင်း ၁၈ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မဲပေးနိုင်သူ ၉ ဒသမ ၇ သန်းကျော် မဲပေးမည် ဖြစ်သည်။

**ဆင်ဟွာ**

# သမဝါယမပုံရိပ်ကောင်းမွန်စေဖို့ သမဝါယမစစ်စစ်ကို ရှာဖွေကြစို့

*ကိုနိုင်အောင် (Cooperatives)*

**သမဝါယမဟူသည် ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး “သမ” = အတူတကွ၊ “ဝါယမ” = အင်အားစိုက်ထုတ်ဆောင်ရွက်ခြင်း၊ သမဝါယမမှာ အတူတကွ အင်အားစိုက်ထုတ်ဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ရသည်။ တစ်ဦးချင်း၏အင်အားဖြင့် ဆောင်ရွက်၍မရသည်ကို အများ၏စုပေါင်းအင်အားဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။**

အင်္ဂလန်နိုင်ငံတွင် ၁၈၃၆ ခုနှစ်မှစ၍ လူတို့၏ စီးပွားရေးအခြေအနေများ ဆုတ်ယုတ်ကျဆင်းလာပြီး စီးပွားရေးပျက်ကပ်ဆိုက်ခဲ့သည်။ အဆိုပါ စီးပွားရေးကပ်ဘေး၏ဒဏ်ကြောင့် အချို့မှာ အလုပ်လက်မဲ့ဘဝသို့ ကျရောက်ခဲ့သည်။ စားသုံးကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်း၊ အရောအနှော စားသုံးကုန်များကို အန္တရာယ်ကြီးမားစွာ ဝယ်ယူစားသုံးနေရခြင်း၊ လူနေထိုင်ရန် မသင့်လျော်သည့် နေအိမ်အခန်းများတွင် ပြွတ်သိပ်၍ နေထိုင်ကြရခြင်းဖြင့် နိမ့်ကျသောဘဝကို ဖြတ်သန်းနေရသည်။ ဤသို့ဖြင့် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးလ်မြို့မှ စိတ်တူသဘောတူဖြစ်ကြသည့် ဖလန်နယ်ရက်ကန်းသမား ၂၈ ဦးက တစ်ဦးလျှင် တစ်ပဲနိမှ တစ်သျှီလျှင်အထိ တတ်နိုင်သမျှ အသီးသီးထည့်ဝင်ခြင်းဖြင့် “အစု” ဆိုသည့်စကားရပ် ပေါ်ပေါက်လာကာ ထိုအစုငွေများကို ရင်းနှီးမတည်ငွေအဖြစ် သတ်မှတ်ကာ ရော့ခ်ဒေးလ်ကုန်စုံဆိုင် သမဝါယမအသင်းကို တည်ထောင်ခဲ့ကြသည်။

**စံနမူနာထား အတုယူ**

ရော့ခ်ဒေလ်းသမဝါယမအသင်း အောင်မြင်ရခြင်းအကြောင်းမှာ မိမိတို့၏ လိုအပ်ချက်များကို တိတိကျကျဆန်းစစ်၍ ရည်ရွယ်ချက်ကို စနစ်တကျ ချမှတ်ခြင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်ရန် တက်ကြွသောဆန္ဒရှိခြင်း၊ တစ်ဦးချင်းကလည်း မိမိတို့တတ်နိုင်သလောက် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဆန္ဒတူသူများ စုပေါင်းမိခြင်း၊ ဆန္ဒတူသူများသာစုစည်းမိ၍ ညီညွတ်ခြင်း၊ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ သမဝါယမအသင်းဖွဲ့စည်းရာတွင် မည်ကာမတ္တဖွဲ့စည်းခြင်းမဟုတ်ဘဲ မိမိတို့၏ ပန်းတိုင်ရောက်ရှိရန် အလေးအနက်ထားဖွဲ့စည်းခဲ့ခြင်းသည် သမဝါယမလုပ်ငန်းလုပ်ကိုင်သူများ စံနမူနာထား အတုယူဖွယ်ရာဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၀၅ ခုနှစ်လောက်ကတည်းက စစ်ကိုင်းတိုင်း မြင်းမူမြို့ ငွေစုငွေချေး သမဝါယမအသင်း စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သောကြောင့် သမဝါယမ စတင်သန္ဓေတည်ခဲ့ရာ မြန်မာ့သမဝါယမသက်တမ်းသည်ပင် ယခုဆိုလျှင် (၁၁၈) နှစ် ပြည့်ခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းရာကျော်ကတည်းက အများအကျိုးအတွက် ကမ္ဘာနှင့်ချီကာ အောင်မြင်ခဲ့သည့်လုပ်ငန်းကို မြန်မာပညာရှင်များက ကျစ်လျစ်ပြီး အဓိပ္ပာယ်ပြည့်ဝလှသည့် “သမဝါယမ” ဟူသော စကားလုံးကို မလျော်မကန်မသင့်မြတ်သည့် ကိုယ်ကျိုးစီးပွားနှင့် ဟန်ပြသာပြုလုပ်ကြသောကြောင့် သမဝါယမအသင်းတွေ မအောင်မမြင်ဖြစ်ခဲ့ရသည်။

မြန်မာ့သမဝါယမခရီး ဖြတ်သန်းလာခဲ့သည့် နှစ် (၁၀၀) ကျော်ကာလကို ပြန်လည်သုံးသပ်ကြည့်လျှင် နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် သမဝါယမအသင်းများဖွဲ့ကာ အသင်းသားများ၏ နေ့စဉ်ဘဝ လုပ်ကိုင်ဆောင်ရွက်မှု အဆင်ပြေရေး၊ အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံဖြင့် ငွေကြေး၊ ပစ္စည်း၊ စက်ကိရိယာများ ထောက်ပံ့ပေးခဲ့သလို ပေးနေဆဲလည်းဖြစ်သည်။

သို့သော် အောင်မြင်သော၊ ရေရှည်တည်တံ့သော သမဝါယမအသင်းကို ညွှန်ပြပါဆိုပါက အထောက်အပံ့ အကူအညီများရခဲ့သော သမဝါယမအသင်းများ မဟုတ်ဘဲ ဆန္ဒတူသူများစုစည်းကာ သမဝါယမအသင်း၏ စည်းကမ်း၊ နည်းလမ်းအတိုင်း ရှင်သန်



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး ရောဝတီတိုင်းဒေသကြီး အနောက်စုကြီးကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူများ လက်တွေ့ချုပ်လုပ်ရန် ပိတ်စများ လှီးဖြတ်နေမှုကို ကြည့်ရှုစဉ်။ (၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄)

> **“သမဝါယမပုံရိပ် (Cooperative Image) ရှင်သန်အောင်မြင်လိုပါက အသင်းတွင် လူနည်းစုသာပါဝင်ခြင်း၊ လူများခြင်း၊ အသင်းအရေအတွက်နည်းခြင်း၊ များခြင်းကို အဓိကမထားဘဲ လိုအင်ဆန္ဒ ရည်မှန်းချက်တူသူ၊ လုပ်ငန်းတူသူများကို စုစည်းအဖွဲ့ဖွဲ့ပြီး သမဝါယမအသင်း ထူထောင်လုပ်ကိုင်နိုင်ဖို့လိုသည်။ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သူ၊ အများနှင့်ပူးပေါင်းလုပ်ကိုင်လိုခြင်းမရှိသူ၊ အကျင့်စာရိတ္တမကောင်းသူများ မပါဝင်ရန် အထူးသတိထားဖို့လို”**

လည်ပတ်နေသော ဌာနဆိုင်ရာ ငွေစုငွေချေး သမဝါယမအသင်းများကို တွေ့ရှိနိုင်မည်ဖြစ်သည်။

**အသင်းသားများအား အချိုးကျအမြတ်များထုတ်ပေး**

လေ့လာကြည့်လျှင် လခစားဝန်ထမ်းများသည် သမဝါယမအသင်းစည်းကမ်းအရ အများဆန္ဒသဘောတူညီချက်ဖြင့် အစုငွေသတ်မှတ်ထည့်ဝင်ခြင်း၊ မိမိဆန္ဒအလျောက် စုဆောင်းငွေသတ်မှတ်ထည့်ဝင်ခြင်း၊ အသင်းအား တာဝန်ခံနိုင်ရန် အသင်းသားများထဲမှ အသင်းအမှုဆောင်အဖွဲ့ EC (Executive Committee) ရွေးချယ်ခြင်း၊ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊ အသင်းသားဝန်ထမ်းများ၏ အစုများ၊ စုဆောင်းငွေများကို စုစည်းကာ ရင်းနှီးလည်ပတ်ငွေအဖြစ် သတ်မှတ်၍ ချေးငွေလိုအပ်သော အသင်းသား ဌာနဝန်ထမ်းများကို အလှည့်ကျထုတ်ချေးခြင်း၊ ချေးငွေအပေါ် အတိုးသတ်မှတ်ခြင်း၊ ချေးငွေရယူသူမှ လစာထုတ်ရက်အတွင်း အရစ်ကျလစဉ်ပေးဆပ်ခြင်း၊ အသင်းဝန်ထမ်း (သို့) တာဝန်ကျအမှုဆောင်မှ ကောက်ခံစုစည်း၍ ငွေစာရင်းသွင်းခြင်း စသည်ငွေစုငွေချေး လုပ်ငန်းစဉ်တစ်ရပ်ကို လစဉ်ဆောင်ရွက်သည်။ နှစ်ကုန်သည့်အခါတွင် အတိုးမှရရှိလာသော အကျိုးအမြတ်များမှ စီမံမှုစရိတ်များနုတ်ပယ်ပါက အသားတင်အမြတ်ဖြင့် ထည့်ဝင်ထားသော အစုတန်ဖိုးအလိုက်၊ စုဆောင်းငွေပမာဏအလိုက် အချိုးကျအမြတ်များကို အသင်းသားများအား ထုတ်ပေးသည်။

အထက်ပါဌာနဆိုင်ရာ ငွေစုငွေချေးသမဝါယမအသင်းများသည် ပြင်ပမှ ငွေကြေး၊ ပစ္စည်း၊ စက်ကိရိယာ စသည့်အထောက်အပံ့ကို တစ်စုံတစ်ရာရရှိခဲ့ခြင်းမရှိဘဲ အသင်းသားဌာနဝန်ထမ်းများကိုယ်တိုင် မိမိတတ်နိုင်သလောက် အစုငွေ၊ စုဆောင်းငွေများထည့်ခြင်း၊ အလှည့်ကျထုတ်ချေးခြင်း၊ ပြန်ဆပ်ခြင်းဖြင့် အသင်း/ အသင်းသားများ၏ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်း နှစ်ပေါင်းများစွာ ရေရှည်တည်တံ့စေခြင်းက အောင်မြင်သော သမဝါယမအသင်းအဖြစ် မှတ်ကျောက်တင်နိုင်မည်ဖြစ်ပေသည်။

**ပြည်သူအများစုမှာ**
**သမဝါယမအသင်းသားများဖြစ်လာ**

ကမ္ဘာတစ်လွှား အောင်မြင်ရှင်သန်နေသော သမဝါယမအသင်းများကို လေ့လာကြည့်ရာမှာ ဂျပန်နိုင်ငံ၌ စိတ်ဆန္ဒတူသူ၊ လုပ်ငန်းတူသူတွေ စုစည်းကာ အရင်းအနှီးတစ်ခုစီ တစ်ယောက်စီကို စုစည်းပြီး များပြားလာသော အရင်းအနှီးထုကို မတည်၍ ကုန်ရောင်းလုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း စတင်လုပ်ကိုင်ခြင်းဖြစ်ပြီး ပံ့ပိုးပေးရမည့် ငွေကြေး၊ ပစ္စည်း စသည်တို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းပေးကြသည်။ စိုက်ပျိုးရေးသမဝါယမ အသင်းသားများကို စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်းကောင်း၊ မွေးမြူရေးသမဝါယမအသင်းသားများကို မွေးမြူရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ကုန်သွယ်ရေးသမဝါယမအသင်းသားများကို စီးပွားကူးသန်းဝန်ကြီးဌာနမှ လည်းကောင်း၊ အသင်းသားတို့၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးကြသည်။ ထို့ကြောင့် ပြည်သူအများစုမှာ သမဝါယမအသင်းသားများ ဖြစ်လာကြပြီး ထိုသို့ဖြစ်ရခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြလေသည်။

ခေတ်အဆက်ဆက် သာဓကများကိုကြည့်ပါက သမဝါယမအသင်းများ အောင်မြင်ရေးအတွက် အဓိကအကျဆုံးအရာမှာ အသင်းသားဖြစ်လာမည့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများ၏ စိတ်ဓာတ်ဖြစ်သည်။ ပြည်သူများ၏ အများနှင့် စုပေါင်းလုပ်ကိုင်လိုသည့် စိတ်ဓာတ်၊ ကောင်းကျိုးဆိုးကျိုးကို အများနှင့် တန်းတူမျှဝေခံစားလိုသည့် စိတ်ဓာတ်၊ အတ္တအကျိုးကို ရှေ့တန်းမတင်သော စိတ်ဓာတ်ရှိသူများ စုစည်းအလုပ်လုပ်သည့် အသင်းအဖွဲ့သည်သာ အောင်မြင်သော သမဝါယမအသင်းအဖြစ် ရှုမြင်သုံးသပ်နိုင်မည်ဖြစ်သည်။

သို့ပါ၍ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် သမဝါယမပုံရိပ် (Cooperative Image) ရှင်သန်အောင်မြင်လိုပါက အသင်းတွင် လူနည်းစုသာ ပါဝင်ခြင်း၊ လူများခြင်း၊ အသင်းအရေအတွက်နည်းခြင်း၊ များခြင်းကို အဓိကမထားဘဲ လိုအင်ဆန္ဒ ရည်မှန်းချက်တူသူ၊ လုပ်ငန်းတူသူများကို စုစည်းအဖွဲ့ဖွဲ့ပြီး သမဝါယမအသင်း ထူထောင်လုပ်ကိုင်နိုင်ဖို့လိုသည်။ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သူ၊ အများနှင့် ပူးပေါင်းလုပ်ကိုင်လိုခြင်းမရှိသူ၊ အကျင့်စာရိတ္တမကောင်းသူများ မပါဝင်ရန် အထူးသတိထားဖို့လိုသည်။

**ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထစနစ်ကို**
**အခြေခံသောစိတ်ဓာတ်ရှိသူများဖြစ်ဖို့ လိုအပ်**

ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ ဒေသတစ်ခုနှင့်တစ်ခု နေထိုင်လုပ်ကိုင်သူများ၏ လိုလားချက်၊ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ကွာခြားချက်ရှိသည်။ သို့ပါ၍ သမအသင်းတစ်သင်း ဖွဲ့မည်ဆိုပါက အသင်းသားအဖြစ် ပါဝင်လာမည့်သူများ၏ ပကတိအခြေအနေ၊ ဖြည့်ဆည်းပေးရမည့်အရာများ၊ ရေရှည်ရပ်တည်နိုင်မည့် အခြေအနေ၊ စာရင်းဇယားထားရှိမှု၊ စီမံခန့်ခွဲမှု၊ ထွက်ပေါ်လာမည့် အကျိုးအမြတ်၊ အသင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်လာနိုင်မည့်အခြေအနေ စသည်တို့ကို လေ့လာ (Survey)ပြီးမှ လုပ်ငန်းတူ၊ ဆန္ဒတူသူအစုအဖွဲ့များ စနစ်တကျ ဖွဲ့စည်းနိုင်ရေး အချိန်ကာလတစ်ခု သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထစနစ်ကို အခြေခံသော စိတ်ဓာတ်ရှိသူများဖြစ်ဖို့ လိုအပ်သည်။

သမဝါယမဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်(၃)ရပ်ဖြစ်သည့် အသင်းများအား ဖွဲ့စည်းခြင်း၊ ပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ခြင်းတို့အနက် သမဝါယမအသင်း ဖွဲ့စည်းထိုက်သော လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ သမဝါယမစိတ်ဓာတ်ရှိမှု/မရှိမှုကို အရင်ဆန်းစစ်လေ့လာဖို့ လိုသလို အများပိုင်ဖြစ်လာမည့် ငွေ၊ ပစ္စည်းများအပေါ် စာရင်းဇယားဖြင့် စနစ်တကျစီမံခန့်ခွဲမှု အများသဘောတူညီချက်ဖြင့် တစ်ဦးချင်း၏ လူမှုစီးပွားရေးတိုးတက်ကောင်းမွန်အောင် တက်ညီလက်ညီ လုပ်ကိုင်လိုသော စိတ်များရှိနေရန် အလွန်အရေးကြီးသည်။ လူအရေအတွက်ထက် လူအရည်အသွေး၊ အသင်းအရေအတွက်ထက် သမဝါယမပုံရိပ်ကို ပေါ်လွင်စေသော အသင်းအရည်အသွေးကို စိစစ်ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မြို့ပြနေအခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချလာရေးအတွက် အမှန်တကယ် ဆင်းရဲမှုမှ လွတ်ကင်းရန် ဆန္ဒပြင်းပြသောသူများအား ငွေ၊ ပစ္စည်း၊ စက်ကိရိယာများ ပံ့ပိုးပေးခြင်းဖြင့် ယင်းတို့၏ လူမှုစီးပွားဘဝ မြင့်မားလာနိုင်သော သမဝါယမစိတ်ဓာတ်အခြေခံရှိသောလူများမှ အစပြုကာ Pilot Project (စံပြုစီမံကိန်း) စတင်အသင်းဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အခြားလူများ အားကျအတုယူခြင်းဖြင့် အစုအဖွဲ့များ၊ သမအသင်းများ တိုးချဲ့များပြားလာကာ နိုင်ငံတစ်နံ့တစ်လျား သမဝါယမအသင်းသားများ၏ စုပေါင်းစွမ်းအား သမဝါယမပုံရိပ်ကောင်းမွန်စေဖို့ သမဝါယမစစ်စစ်ဖြင့် ဒေသအကျိုးစီးပွား၊ တိုင်းပြည်အကျိုး စီးပွားတိုးတက်အောင် စွမ်းဆောင်ကြပါစို့ဟု အကြံပြုလိုက်ရသည်။ ။

# မြန်မာ့မြေ၊ မြန်မာ့အမွေ

မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ မှီတင်းနေထိုင်ကြလျက် နယ်နိမိတ်ရှိသော ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့ကြပါသည်။ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) ဘကြီးတော်မင်းတရားကြီး (၁၈၁၉-၁၈၃၇) လက်ထက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပြီး အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းနှင့် မြန်မာ့မြေကို ကျူးကျော်ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ပထမစစ်ပွဲနှင့်ပင် ရပ်မနေဘဲ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြန်သည်။ ထို့နောက် သီပေါမင်းလက်ထက် (၁၈၇၈-၁၈၈၅) ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဆက်လက်ဖြစ်ပွားခဲ့ပြီး မြန်မာ့သမိုင်းတွင် ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်းလျက် နိုင်ငံတော်နှင့်လူမျိုး အင်္ဂလိပ်လက်အောက်သို့ လုံးဝကျရောက်ခဲ့ရသည်။ ရှေးမြန်မာ့အစဉ်အလာ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးအခြေအနေတို့ပါ အသွင်ပုံစံများ ပြောင်းလဲခဲ့ရသည်။ ၂၉-၁၁-၁၈၈၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လုံးဝလက်လွှတ်ဆုံးရှုံးသွားခဲ့ရသည်။

အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးသွားရပြီး သူ့ကျွန်ဘဝကို မနေလိုသည့် တိုင်းရင်းသားများ၏ ရင်တွင်းခံစားချက်ကို ဆီးဘန်နီဆရာတော်က-

> **"ကုန်းဘောင်နေမီး၊ မထိန်ညီး၍၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရချေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ သြော်ကောင်း၏။"**ဟူ၍ ကေပိုဒ်ရတုတွင် စပ်ဆိုခဲ့လေသည်။

ဤကေပိုဒ်ရတုကို ဖတ်ကြည့်ခံစားကြည့်ပါက အချုပ်အခြာအာဏာ ဆုံးရှုံးရခြင်းသည် မည်မျှကြေကွဲဝမ်းနည်းဖွယ်ကောင်းကာ အလွန်တရာခံပြင်းပြီး ယူကျုံးမရဖြစ်ခဲ့သည်ကို မြန်မာသမိုင်းတွင် အတိအလင်း မြင်နိုင်ပေသည်။

မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ပြီး မြန်မာ့အစဉ်အလာဓလေ့မှ သွေဖည်ကာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ လူမှုရေးစနစ်များ အစစအရာရာ ပြောင်းလဲသွားရုံမက မြန်မာလူမျိုးတို့၏ ရတနာအမွေအနှစ်ပစ္စည်းများသည်လည်း တစ်ပါတည်း သိမ်းယူသွားခဲ့ကြပြီး အချို့ကို ပြန်လည်ရရှိသော်လည်း ပြန်လည်ရရှိသေးခြင်းမရှိသေးသည့် ရတနာပစ္စည်းများလည်း ကျန်ရှိနေပါသည်။

ပါရှိသွားသော မြန်မာ့နန်းတော်မှ ရတနာပစ္စည်းများကို ကြည့်ပါက အောက်ပါအတိုင်း ပစ္စည်းလေးမျိုး ခွဲခြားတွေ့ရှိနိုင်ပါသည်-

(က) သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်တို့ ဖွဲ့စည်းခဲ့သော စစ်သိမ်းပစ္စည်းထုခွဲရေးကော်မတီ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ရတနာများ၊ တန်ဖိုးမကြီးမားသော ပစ္စည်း၊

(ခ) မင်းမြောက်တန်ဆာများ၊

(ဂ) ဘုရင်နှင့်မိဖုရားကြီး ပိုင်ဆိုင်သောငွေနှင့် ရတနာများ၊

(ဃ) ဆင်ဖြူမရှင် မိဖုရားကြီး ပိုင်ဆိုင်သောငွေနှင့်ရတနာများ

ယင်းပစ္စည်း လေးမျိုးအနက် အောက်ဆုံးသုံးမျိုးသည် ကာနယ်စလေဒင်အား ထိန်းသိမ်းစောင့်ရှောက်ရန် ပိုင်ရှင်များက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ၁၈၈၅ ခုနှစ်မှစ၍ အင်္ဂလိပ်လက်အောက်သို့ မြန်မာ့မြေနှင့် မြန်မာ့အမွေပစ္စည်းများဖြစ်သော နန်းတွင်းပစ္စည်းများ ရောက်ရှိသွားရလေတော့သည်။

၁၈၈၅ ခုနှစ်တွင် လက်လွှတ်လိုက်ရသည့် လွတ်လပ်ရေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပြသနိုင်ခဲ့၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးနှင့် မြန်မာ့မြေကို ပြန်လည်ရယူနိုင်ခဲ့ပေသည်။ ဤသည်မှာ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကြောင့်ဟုဆိုပါက မည်သူမျှငြင်းနိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် ပြည်ထောင်စုကြီး တည်တံ့ခဲ့ရသည်မှာလည်း သမိုင်းသက်သေပင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အခါ အိန္ဒိယနိုင်ငံဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့ရာ ယနေ့အမျိုးသားပြတိုက်တွင် တွေ့ရှိလေ့လာနိုင်ပေသည်။ ဤပလ္လင်တော်၏ အကြောင်းကို ၁၉၆၃ ခုနှစ် ရှေးဟောင်းသုတေသနဌာနမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "မန္တလေးနန်းတော်" စာအုပ်တွင် "လှပသော လက်ရန်းလေးခုပါလျက် ခြသေ့်ပလ္လင် (သီဟာသန)သည် လွှတ်တော်ထဲတွင် သီးသန့်တည်ရှိသည်။ ထိုပလ္လင်သည် ညီလာခံရာခန်းမကြီးရှိ သီဟာသနပလ္လင်၏ ပုံတူပွားဖြစ်သည်။ လွှတ်တော်မှ ပလ္လင်ကို ကာလကတ္တားရှိ အိန္ဒိယပြတိုက်သို့ ပို့ခဲ့သည်"ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုဖော်ပြချက်နှင့် မောင့်ဘက်တန်သည် အိန္ဒိယရှိ သီဟာသနပလ္လင်ကို ပြန်ပို့ပေးသည်ဟူသော အချက်နှင့် ဆက်စပ်လိုက်လျှင် အမျိုးသားပြတိုက်ရှိ ပြသထားသော ပလ္လင်သည် မြန်မာမင်းလက်ထက် လွှတ်တော်၌ ထားရှိသော သီဟာသနပလ္လင်ဖြစ်ကြောင်း ထင်ရှားသည်။

ထို့နောက် ၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း၏ မေတ္တာရပ်ခံချက်အရ အင်္ဂလန်နိုင်ငံ ဒုတိယမြောက် အဲလီဇဘက်ဘုရင်မကြီးက အောက်ပါမြန်မာနိုင်ငံကုန်းဘောင်မင်းဆက်များ၏ မင်းခမ်းတော်ပစ္စည်းများ အပါအဝင် ပစ္စည်းအရေအတွက် ၁၄၁ ခုကို မြန်မာနိုင်ငံအစိုးရထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ မင်းခမ်းတော်ပစ္စည်းဆိုသည်မှာ ထီးနန်းစဉ်ဆက်လက်ခံလိုက်နာသုံးစွဲရိုးရှိသော အဆောင်အယောင်ဖြစ်သည်။ တစ်နည်းဆိုရသော် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်း၌ သုံးစွဲသည့်ပစ္စည်းများပင်ဖြစ်သည်။ မင်းခမ်းတော်ပစ္စည်းများသည် တစ်နည်းအားဖြင့် ဘုရင်မင်းမြတ်များအား ဘုန်းကျက်သရေ တိုးတက်စေရန် ချီးမြှောက်ဂုဏ်ပြုသော အသုံးအဆောင်ပစ္စည်းများ ဖြစ်သည်။ မင်းအဆက်ဆက်တို့သည် မင်းခမ်းတော်ပစ္စည်းများကို အဖိုးတန်ကျောက်မျက်ရတနာများစီခြယ်ပြီး ရွှေစင်အတိဖြင့် ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့် မင်းခမ်းတော်ပစ္စည်းများကြောင့် ရွှေနန်းတော်ညီလာခံဆောင်သည် ရွှေသားရောင် ရတနာခုနစ်ပါးအရောင်တို့ဖြင့် တဝင်းဝင်းတောက်ပြောင်လျက်ရှိသည်။

**အင်္ဂလန်နိုင်ငံမှ ပြန်လည်လွှဲပြောင်းရောက်ရှိလာသည့် မြန်မာ့နန်းတွင်းပစ္စည်းများစာရင်း**
**၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ**

| စဉ် | ပစ္စည်းအမည် | ပစ္စည်း တည်နေရာ | ပစ္စည်း အခြေအနေ | အရေ အတွက် | ရရှိသည့် နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | သန်လျက် | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၁.၁၁. ၁၉၆၄ |
| ၂။ | မဏိတော်ထက် ပတ္တမြားသင်းကျစ် စိန်စီထားသော ကြာပလ္လင်ခံရွှေပြား ကပ်ဆင်းတု | $V_3$ (a) အပေါ်ဆုံးထပ် အကန့် | ကျောက် ပြုတ်နေ | ၁ | ၁၂/ ၁၉၆၄ |
| ၃။ | ပတ္တမြားစီ ရွှေအခွေကွပ် ဓားအိမ်ဆောင် သံမဏိပန်းဖော် အရိုးတပ် သမိန်ထောဓား | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/ ၁၉၆၄ |
| ၄။ | ပတ္တမြားစီ ရွှေအခွေကွပ်၊ ရွှေပြားကပ် ဓားအိမ်ဆောင် ကျောက်စီ ရွှေငှက် ခေါင်းတပ် ရွှေပြားကပ် ရတနာစီ အရိုးတပ် ကျောက်စီဓား | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၅။ | ရတနာ ကျောက်စီခြယ်၊ ရွှေဇာပေါက် ခြေနင်း အစုံ | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၂ (အစုံ-၁) | ၁၂/၁၉၆၄ |
| ၆။ | အနားသုံးရစ် ပတ္တမြားစီ သလင်းထောင် ပတ်လည် အလယ်နဝရတ် ကိုးပါးစီ ရွှေမနောလင်ပန်း | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၇။ | လက်ျာရစ် ရွှေပြားကပ်၊ ထိပ်နဝရတ် ကိုးပါးစီ ခရုသင်း | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၈။ | ပတ္တမြား ရတနာ ကိုးပါးစီ ရွှေရိုးတပ် သားမြီးယပ် | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၉။ | ရွှေပြားသင်းကျစ်၊ ရွှေနန်းဆွဲပန်းလိမ်နကင်းတပ်၊ ရွှေပန်းဖောက် မွမ်းမံထားသော မကိုဋ် | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၀။ | မကာရ်းရုပ်သဏ္ဌာန် သွန်းလုပ်ထားသော ရွှေကရား | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၁။ | ပွတ်လုံးမဏ္ဍိုင်၊ နရားလေးရုပ်ရံ၊ ရွှေကလပ်တင်၊ အဖုံးနဝရတ် ကိုးပါးခြယ်ရွှေကွမ်းအစ် | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၂။ | ကျောက်မျက် ရတနာ ခြယ်ဟင်္သာရုပ်သဏ္ဌာန် ကလပ်တင်ရွှေအုပ် | မင်းခမ်းတော် ပစ္စည်းများပြခန်း | ကောင်း | ၁ | ၁၂/၁၉၆၄ |
| ၁၃။ | အဖြူရောင်ဖဲအောက်ခံ၊ ရွှေချည်ထိုး ပန်းဖော်၍ အဖျားတွင် ပုလဲ၊ ကျောက်မျက် ရတနာ စီခြယ်ထားသောထီး | $V_{12}$ ဗီရိုအပေါ်ဆုံး ထပ်အကန့် | မကောင်း | ၁ | ၁၂/၁၉၆၄ |
| စုစုပေါင်း | | | | ၁၄ | |

**၁၉၆၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကြယ် (၅) ပွင့် သင်္ဘောဖြင့် ထပ်မံရောက်လာသည့် မြန်မာ့နန်းတွင်းပစ္စည်းများ**

| စဉ် | ပစ္စည်းအမည် | ပစ္စည်း တည်နေရာ | ပစ္စည်း အခြေ အနေ | အရေ အတွက် | ရရှိသည့် နေ့စွဲ |
|---|---|---|---|---|---|
| ၁။ | ကွမ်းလောင်းကြီး | မင်းခမ်းတော် ပစ္စည်းများ ပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂။ | ဆယ့်နှစ်ရာသီ ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃။ | ပယင်းဟင်္သာရုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄။ | တကောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅။ | တကောင်းပိတ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆။ | ကရား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇။ | ဆယ်နှစ်မြှောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈။ | ရှစ်ထောင့်ကွမ်းခွက် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉။ | ဒေါင်းပေါင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀။ | နဂါးခံကွမ်းအစ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၁။ | အဖုံးပါကွမ်းခွက်ငယ် | ။ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၁၂။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၃။ | ကလပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၄။ | ဖလား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၅။ | ခရုသင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၆။ | နန်းဆွဲအုပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၇။ | မကိုဋ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၈။ | မောက်တို (ခေါင်းဆောင်း) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၉။ | ဇာတာခြင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| စဉ် | ပစ္စည်းအမည် | ပစ္စည်းတည်နေရာ | ပစ္စည်းအခြေအနေ | အရေအတွက် | ရရှိသည့်နေ့စွဲ |
|---|---|---|---|---|---|
| ၂၀။ | ဓားမြှောင် | မင်းခမ်းတော်ပစ္စည်းများပြခန်း | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၁။ | ရွှေယပ် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၂။ | ရွှေဖိနပ် | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၂၃။ | မင်းတုန်းမင်း မုဒ္ဓါဘိသိက် မင်္ဂလာအခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၄။ | မင်းတုန်းမင်းမြို့သိမ်း မင်္ဂလာအခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၅။ | သီပေါမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၆။ | သီပေါမင်းမြို့သိမ်း မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၇။ | ဗဒုံမင်းမုဒ္ဓါဘိသိက်မင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၈။ | ဗဒုံမင်းနန်းသိမ်းမင်္ဂလာ အခါတော်စာ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၂၉။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးတံဆိပ်နာမံ (သီရိပဝရတိလောကမဟာရာဇိန္ဒာဓိပတိပဒုမရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၀။ | စုဖုရားလတ်တံဆိပ်နာမံ (သီရိပဝရအတုလတိလောက မဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၁။ | မင်းတုန်းမင်းတံဆိပ်နာမံ (သီရိပဝရဝိဇယာနန္တယသတိလောကဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၂။ | သီပေါမင်းတံဆိပ်နာမံ(သီရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာ ဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ) | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၃။ | သောင်သွပ်စော်ဘွားနဖူးစည်း | ။ | ကောင်း | ၅ | ၂၁.၇.၁၉၆၅ |
| ၃၄။ | ညောင်ဝန်းဝန်ထောက်မင်း မင်းကြီးမဟာမင်းခေါင်သခ်ယာ၏နဖူးစည်း | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၅။ | ဝန်မင်းကြီးဦးသာသင်း (ယောမြို့)၏ နဖူးစည်း | ။ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၃၆။ | ကျောက်စီဓား | ။ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၃၇။ | လက်ကိုင်ကြေးမုံ | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၈။ | မှန် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၃၉။ | သလင်းမြောင် | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၀။ | ကျပ်လျှား | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၁။ | ရတနာပန်းတောင်း | ။ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၂။ | မှန်စိမ်းတပ် ဆယ့်နှစ်မြှောင့်ကွမ်းခွက် | $V_1$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၄၃။ | ဆယ့်နှစ်မြှောင့်ကွမ်းခွက် | $V_1$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၄။ | သောင်သွပ်စော်ဘွား ဦးသျှောင် | $V_1$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၅။ | တကောင်းပိတ် အောက်ပိုင်း | $V_1$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၆။ | ကရဝိက်ကွမ်းအုပ် အောက်ခံ | $V_1$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၇။ | တကောင်းပိတ် | $V_1$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၈။ | သားမြီးယပ် | $V_1$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၄၉။ | ရှစ်ထောင့်ကွမ်းခွက် | $V_1$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၀။ | ရွှေကရား | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၁။ | ဆင်းတု (သစ်သားရွှေပြားကပ်) | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၂။ | ကြေးစေတီပုံကြုတ် | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၃။ | ငွေစေတီပုံကြုတ် | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၄။ | ကြေးစေတီပုံစံအသေး | $V_3a$ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၅၅။ | ကြေးစေတီပုံစံအလတ် | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၆။ | စေတီပုံရွှေကြုတ်အသေး | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၇။ | စေတီပုံရွှေကြုတ်အသေး | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၈။ | စေတီပုံရွှေကြုတ်အသေး | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၅၉။ | ကျောက်စိမ်းဆင်းတုအသေး | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၀။ | စိန်ဖူး (အတို) | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၁။ | စိန်ဖူး (အရှည်) | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၂။ | ငှက်မြတ်နား | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၃။ | မဏ္ဍိုင်ပါငှက်မြတ်နား | $V_3a$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၄။ | ပါးကာ၊နားကာ | $V_3a$ | ကောင်း | ၈ | ၂၁.၇.၁၉၆၅ |
| ၆၅။ | ကျောက်စိမ်းပန်းကန်ကြီး | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၆၆။ | ကျောက်စိမ်းပန်းကန် | $V_4$ | ကောင်း | ၄ | ၂၁.၇.၁၉၆၅ |
| ၆၇။ | သီပေါမင်းနာရီနှင့် ဖောင်တိန် | $V_4$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၈။ | နဂါး | $V_4$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၆၉။ | ခါးပတ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၀။ | နားတောင်းတစ်ရန် | $V_4$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၇၁။ | စိန်(၈)လုံးစီ နားတောင်းကြုတ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၂။ | ကြောင်လက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၃။ | စိန်လက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၄။ | စိန်လက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၅။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၆။ | နီလာလက်စွပ် (ငါးကြီးဆီရောင်) | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၇။ | ပတ္တမြားလက်စွပ် (အညှံ့ပန်း) (ပန်းနုရောင်) | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၈။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၇၉။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၀။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၁။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၂။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၃။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၄။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၅။ | မြလက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၆။ | မြလက်စွပ်အကြီး | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၇။ | ပတ္တမြားကိုးပွင့်စီခြယ် ထားသော လက်စွပ် | $V_4$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၈၈။ | ကွမ်းခွက်ငယ် (အဖုံးမပါ) | $V_5$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၈၉။ | ကရဝိက်ကွမ်းအုပ် | $V_7$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၀။ | မကိုဋ် (မိဖုရားသုံး) | $V_9$ | မကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၉၁။ | ဆင်ဖြူမရှင်ဘွဲ့ (သီရိတိလောကမဟာရတနာဒေဝီ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၂။ | ဆင်ဖြူတော်ဘွဲ့(မောရိယပစ္စယနာဂရာဇာ) | $V_{10}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၃။ | မောက်ရူ (အထွတ်ပါ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၄။ | မောက်ရူ (ပါးကာ၊ နားကာ) | $V_{12}$ | မကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၅။ | သီပေါမင်းဘွဲ့ (သီရိပဝရာဒိတျလောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာ ဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၆။ | မင်းတုန်းမင်း မိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာ ဇိန္ဒာဓိပတိ ရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၇။ | မင်းတုန်းမင်းမိဖုရားခေါင်ကြီးဘွဲ့ (သီရိပဝရမဟာရာဇိန္ဒရတနာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၈။ | စုဖုရားလတ်ဘွဲ့ (သီရိပဝရမဟာရာဇိန္ဒာဘိသုဓမ္မရတနာနန္ဒာဒေဝီ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၉၉။ | ပုဂံမင်းဘွဲ့ (သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇာ) | $V_{12}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၀။ | ယပ်(နှစ်ခု) | $V_{12b}$ | ကောင်း | ၂ | ၂၁.၇.၁၉၆၅ |
| ၁၀၁။ | ယပ်(တစ်ခု) | $V_{12b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၂။ | ထီးရိုးနှစ်ပိုင်း | $V_{12b}$ | ကောင်း | ၁(၂)ပိုင်း | ၂၁.၇.၁၉၆၅ |
| ၁၀၃။ | အမည်မသိတုတ် | $V_{12b}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၄။ | ကွမ်းလောင်းငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၅။ | အဖုံးမပါရှစ်ထောင့် ကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၆။ | အဖုံးမပါခိုနန်းချိုးပုံ ကွမ်းခွက်ငယ် | $V_{13}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၇။ | ဓားရှည် (ဓားအိမ်ပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| ၁၀၈။ | ဓားရှည် (ဓားအိမ်မပါ) | $V_{15}$ | ကောင်း | ၁ | ၂၁.၇.၁၉၆၅ |
| | စုစုပေါင်း | | | ၁၄၁ | |

၎င်းနောက် ၁၈၉၀ ပြည့်နှစ်ကစပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗိတိုရိယနှင့် အဲလ်ဘတ်ပြတိုက်ကြီးတွင် ထိန်းသိမ်းထားခဲ့သော မင်းမြောက်တန်ဆာနှင့် ထီးသုံးနန်းသုံးပစ္စည်းများကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်တို့၌ အသီးသီး ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ အချို့မြန်မာ့အမွေပစ္စည်းများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သော်လည်း အောက်ပါတို့မှာ ယနေ့တိုင် ကျန်နေဆဲပင်ဖြစ်သည်-

(၁) ပတ္တမြား ငမောက်ကျောက်
(၂) လှော်ကားတင်လေးကျောက်၊ရတီ ၂၀
(၃) လှော်ကားတင်ကြီးကျောက်၊ ရတီ ၄၀ ကျော်
(၄) ဆက်မတော်ကျောက်၊ ရတီ ၄၀ ကျော်
(၅) စံကျောက်တော်၊ ရတီ ၆
(၆) အခြား နဂါးဗိုလ်စသောကျောက်များ သာမက
- (က) ဘုရင်နှင့် မိဖုရားပိုင်ပစ္စည်းအချို့နှင့် နန်းစဉ်ပစ္စည်းများကို သေတ္တာကြီးငယ်တွင် ထည့်၍ ကာနယ်စလေဒင်အား အပ်ရသည်။
- (ခ) အလယ်နန်းမတော် မိဖုရား ဆင်ဖြူမရှင်၏ ကိုယ်ပိုင်ရွှေဒင်္ဂါးများနှင့် ရှစ်သိန်းကျော်တန် (ယင်းခေတ်ကာလက တွက်ချက်သောတန်ဖိုး)ပစ္စည်းများ၊
- (ဂ) ဘုရင်နှင့် မိဖုရားနှစ်ပါးတို့၏ ကိုယ်ပိုင်ပစ္စည်းများ၊ ကနုကမာ သေတ္တာတွင် ထည့်သွင်း၍အပ်ရသည်။ ယင်းတို့မှာ-

| | | |
|---|---|---|
| ၁။ | စိန်၊ မြ၊ ပတ္တမြား နားတောင်းတော် | ၁၂ရန် |
| ၂။ | ပတ္တမြားစလွယ် | ၁ |
| ၃။ | ခတ်တော်ကြီးငယ် | ၂ |
| ၄။ | စိန်ခါးစည်း | ၁ |
| ၅။ | စိန်ပန်းခွေ | ၁ |
| ၆။ | စိန်ပန်းခိုင် | ၃ |
| ၇။ | စိန်လက်ကောက် | ၁ ရန် |
| ၈။ | စိန်လည်ကပ် | ၂၄ |
| ၉။ | စိန်ကြိုး (ကုံးရေ) | ၁၀ |
| ၁၀။ | စိန်လက်စွပ် | ၂၀ |
| ၁၁။ | ပတ္တမြားလက်စွပ် (လှော်ကားတင်ကျောက်) | ၁ |
| ၁၂။ | ကြိုးကျောက် | ၂ |
| ၁၃။ | မောက်ကြီး | ၁ |

**စုစုပေါင်း** **၇၉** တို့ဖြစ်သည်။

ယင်းပစ္စည်းများအပြင် ကုန်းဘောင်မင်းဆက်တို့၏ ရွှေကိုယ်လေးရုပ်တုများသည်လည်း အပါအဝင်ဖြစ်ပြီး ယနေ့တိုင် ပြန်လည်မရရှိသေးပေ။

ထို့ကြောင့် အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ကြောင့် ဆုံးရှုံးသွားခဲ့ရသော မြန်မာ့အချုပ်အခြာ အာဏာ၊ မြန်မာ့မြေ၊ မြန်မာ့အမွေများသည် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးကိုရရှိလာပြီး မြန်မာ့အချုပ်အခြာအာဏာနှင့် မြန်မာ့မြေဟူ၍ တည်ရှိလာပြီး ယနေ့အချိန်အခါတွင် ကမ္ဘာ့အလယ်၌ ရပ်တည်နေနိုင်ပြီဖြစ်သည်။ သို့သော် ဆုံးရှုံးသွားပြီး ပြန်လည်ရရှိရန် ကျန်ရှိနေသေးသည့် စာရင်းဝင်/စာရင်းမဝင် မြန်မာ့အမွေ နန်းစဉ်ပစ္စည်းများကိုမူ ပြန်လည်ရရှိရန် ကြိုးစားကြရမည်ဖြစ်ပေသည်။ မြန်မာ့အမွေအနှစ်ပစ္စည်းများသည် အင်္ဂလန်နိုင်ငံ၌သာမက အခြားသော နိုင်ငံများတွင်ပါ ရှိနေဦးမည်ဟု ထင်မြင်ယူဆရပါသည်။ ။

**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည် ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ပန်းအလင်္ကာဗုဒ္ဓဖြစ်စဉ် သမိုင်းစာအုပ် | မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ပညာသာရ (မဟာဓမ္မပါလဆရာတော်) | ဦးလှဘုန်းကျော် အောင်ချမ်းပြည့် |
| ၂။ | နွမ်းမခိုင် လန်းနိုင်ပါစေ | လူမှုး | ဦးမျိုးဆင့် (ရှင်မတောင်စာပေ) |
| ၃။ | လူ့အန္ဓ | ကိုနေ(မန်း) | ဦးမြင့်ကျော်စိုး (ကိုနေမန်းစာပေ) |
| ၄။ | တစ္ဆေတစ်ကောင်ရဲ့အချစ် | ပြည့်စုံကြွယ် | ဦးနိုင်မိုး (ရွှေပေစာအုပ်တိုက်) |
| ၅။ | ဓမ္မခရီးသည်နှင့်အခြားဆောင်းပါးများ စာအုပ် | မြင့်သိန်း (ပညာရေး) | ဒေါ်မေသွယ်ခိုင် လင်းသန့်စာပေ |
| ၆။ | အောင်မြင်ရေးနည်းလမ်းကောင်း ၁၀၀ | ကောင်းပြည့်သော် | ဒေါ်နွယ်နွယ်ဝင်း ဆောင်းစုရတီစာပေ |
| ၇။ | ဝါသနာနှင့်သက်မွေးအလုပ် ထပ်တူကျအောင်ပုံဖော်ခြင်း | PETER KAP | ဦးကျင့်ဆွင်းကပ် BG စာပေ |
| ၈။ | တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော် | ဟိန်းဇေ | ဦးအောင်စိုး စိုးစာပေ |
| ၉။ | ဘဝကိုပြောင်းလဲစေမည့် ရတနာစာစုများ | ပရင့်စ်(မိုးကောင်း) | ဦးမြင့်စိုး စိုးစံစာပေ |
| ၁၀။ | မနက်စာအာဟာရစာစုများ | မွန်ဟော်စီ | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၁၁။ | တည့်တည့်တွေး | မောရိသျှ | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၁၂။ | အင်ကြင်းပွင့်တို့၏ဒိုင်ယာရီ | ဆလိုင်းသန်းဇော်ဝင်း | ဦးနိုင်ဝင်းဇော် မိုးကောင်းမြေစာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

## မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၆ ကီလိုနှင့် ဘိန်းစိမ်း ၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**



ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၁၆၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၆ ကီလိုနှင့် ဘိန်းစိမ်း ၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၆ နာရီက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မန္တလေးမှ ဟိုပင်မြို့ဘက်သို့ အေးမင်းအောင်(ခ) မင်းမင်း မောင်းနှင်ပြီး ဦးကြည်လိုက်ပါလာသည့် Canter ခြောက်ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၆ ကီလိုနှင့် ဘိန်းစိမ်း ၂ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၃၀**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၃၀**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ခိုင်ဇာသင်း(ခ)ခိုင်ဇာ၊ လိပ်စာတူ လင်းအောင် (ခ)လင်းလင်း၊ အေးအေးအောင် (ခ) မစန္ဒီချိုတို့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ မ---၂၄/၂၀၁၈နှစ်အား မန္တလေးမြို့ရှိ စားသောက်ဆိုင်တွင် တစ်လ ငါးသိန်းဖြင့် အလုပ်လုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံရောင်းစား၍ငွေကြေးအကျိုးအမြတ် ရယူခဲ့သဖြင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့မရဲစခန်း(ပ)၁၇၉၁/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၈ ရက်တွင် တရားခံ ခိုင်ဇာသင်း(ခ)ခိုင်ဇာ၊ လင်းအောင်(ခ) လင်းလင်းနှင့် အေးအေးအောင်(ခ)စန္ဒီချိုတို့ သုံးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ပိုင်အောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


## အိမ်ပြင်ပဋ္ဌထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၅၆၀၀ | ၁၅၉၆၀၀၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၄၁ | ၂၉၅၂၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၆ | ၃၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၀၀ | ၂၄၀၀ | ၃၅၀ | ၈၄၀၀၀၀ |
| AHPC | ၄၉၀၀ | ၅၀၀၀ | ၁၇ | ၈၃၅၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ် (၁/န)၊ အိမ်ရာ ကွက်ငယ်အမှတ်(၄၆၂)နှင့် (၅၀၃) အလျားပေ ၄၀x အနံပေ ၆၀ အသီးသီးရှိသည့် အိမ်ရာကွက်ချထားပေးခြင်းခံရသူ ဦးခင်မောင်ဝင်း (အင်/ယာမှူး) အမည်ပေါက် မြေကွက်များနှင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးဆက် ၁၂/လကန(နိုင်)၁၆၉၈၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းဟိန်းထက်အောင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၁၉)**
**အမှတ် (၄၂)၊ သီတာအေး (၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊**
**ဖုန်း-၀၉-၄၂၁၀၈၆၃၈၂**

## LUEN FAT (MYANMAR) COMPANY LIMITED
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
## ကုမ္ပဏီတွင်ပါဝင်သူများက ဆန္ဒအလျောက် ကုမ္ပဏီဖျက်သိမ်းခြင်း

၁။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၈ရက်တွင် ကျင်းပပြုလုပ်သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ LUEN FAT (MYANMAR) CO.,LTD အား ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်-

(က) လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇ (က)၊ ပုဒ်မခွဲငယ် (၂) အရ LUEN FAT (MYANMAR)CO., LTD. အား (၂၈-၆-၂၀၂၃) ရက်မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်း ရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(ခ) လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၂(က)အရ ကုမ္ပဏီ၏ ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေရန်အတွက် ဒေါ်အေးမြသီဂီ (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၄၀)၊ MAIP Member Number-00184, အမှတ် (၃၆/၉)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ LUEN FAT (MYANMAR) CO.,LTD မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် နောက်ဆုံးထား၍ အထက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောရက်အတွင်း တောင်းဆိုတင်ပြနိုင်ခြင်းမရှိပါက နောက်နောင်အကျိုးအမြတ်ခံစားပိုင်ခွင့်၊ အခွင့်အရေးတောင်းဆိုပိုင်ခွင့်၊ ကန့်ကွက်အရေးဆိုပိုင်ခွင့်များ ရှိတော့မည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်-

| | |
|---|---|
| XIANG ZHONG | ဒေါ်အေးမြသီဂီ (LL.B) |
| DIRECTOR | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၄၀) |
| LUEN FAT (MYANMAR) CO.,LTD | MAIP Member Number-00184 |
| | ဖုန်း-၀၉-၇၆၅၆၃၈၈၇၅၊ |
| | ၀၉-၇၆၅၄၇၉၆၉၁ |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၃၂)၊ (၅၄x၅၅)လမ်းကြား၊ (၁၀၂)လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးဝင်းကြည် ၉/မနမ(နိုင်)၀၈၀၅၅၈၏ (GP ရသူ ဒေါ်စန္ဒာသိန်း)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၀၀၃/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၇)၊ ဦးပိုင်အမှတ်(၉၅)၊ (၄၇x၄၈)ကြား၊ မနော်ဟရီနှင့် နှင်းဆီလမ်းကြားရှိ ဒေါ်မြမြကြွယ် အမည်ပေါက်တောဂရန်မြေကွက်အား ဒေါ်မြမြကြွယ်(ခ)ဒေါ်ခင်အေးကြွယ် ၇/ပခန(နိုင်)၁၂၁၈၆၇၏ (GP ရသူ ဒေါ်နှင်းနွယ်စိုး)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ကို တင်ပြနိုင်ခြင်းမရှိပါကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၁၉၇၀/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၀)၊ ဦးပိုင်အမှတ် (၂၉+၃၀)၊ မြေရိယာ ၀ ဒသမ ၀၆၄ ဧကရှိ မြေကွက်သည်မူလက ဒေါ်ရွှေကြည်၊ ဦးခက်ချန် (၂)ဦးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၁၅၉၈(၃) ၁၉၉၉-၂၀၀၀ အရ ၂၅-၁၁-၂၀၁၄ ရက်အထိ (၁၅)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ(၂)ဦးက ၆-၄-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၄/၂၀၂၃)အရ ဦးရဲရင့်အောင် ၁/မကန(နိုင်)၂၆၂၆၃၇ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရဲရင့်အောင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်နေ့မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/29487 Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/79493 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီနွယ် ၉/မနမ(နိုင်)၁၁၈၃၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ/စီမံကိန်း (၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း အမှတ်၃၀၆မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အနက်မှ (ပ)ထပ်-B-ဝဲဘက်အခန်း နောက်ဆုံးလက်ဝယ်ပိုင်ထားသော ဒေါ်ချိုသူဇာခင် ၁၂/ဥကတ(နိုင်)၂၂၀၄၆၂နှင့် ဒေါ်တင်နီလာဦး ၁၂/ခရန(နိုင်)၁၅၄၃၉၉ တို့ နှစ်ဦးမှ မိမိတို့နှစ်ဦး လက်ရှိပိုင်ဆိုင်သော အခန်းအား ဝယ်ယူသူ ဦးအေးလွင် ၇/သကန(နိုင်)၀၁၁၃၀၁မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် အရောင်းအဝယ်အား ကန့်ကွက်မည့်သူမရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ၎င်းကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးလွင် - အမှတ် ၁၀၇၄(ခ)၊ တတိယထပ်၊ ရွှေဘို(၁၃)လမ်း၊ (၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၆၆၇၂၅၁၄၊ ၀၉-၅၁၈၇၉၉၁**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ ၅၉x၆၀ လမ်းကြား၊ ၁၂၀x၁၂၁လမ်းကြား၊ အကွက်အမှတ် (ညည-၄)၊ ဦးပိုင်အမှတ် (၃၇-က)၊ (၁၅x၄၀)ပေအကျယ်အဝန်းရှိ ဒေါ်တင်မြင့် အမည်ဖြင့် ချထားသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူ ဦးဝင်းမောင် (ဘ)ဦးသန်းနိုင် ၉/မရမ(နိုင်)၀၂၃၁၁၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ အချို့ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းရဝေလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၃၇)**
**၅၂x၅၃လမ်း၊ ၁၁၃ (ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၆၅၆၇၁၁၈**

## U Shwe Kyaw Khin Facebook Account ပါ အကြောင်းအရာများနှင့် ပတ်သက်၍ အများသိစေရန် ဖြေရှင်းကြေညာချက်

ဒေါ်ခင်နွယ်ဦး ၁၂/လမန(နိုင်)၀၈၄၅၄၈၊ ဒေါ်စောမြင့်ခိုင် ၁၂/လမန(နိုင်)၀၈၄၄၅၁၊ ဦးရဲကျော်ဦး ၁၂/ဥကမ(နိုင်)၁၁၃၈၂၈၊ ဦးအောင်ကျော်ဦး ၁၂/ဥကမ(နိုင်)၁၁၃၃၆၃၊ ဒေါ်ဖြူဖြူမြင့် ၁၂/ဥကမ(နိုင်)၁၁၄၀၅၆၊ ဦးကျော်ကျော်ဦး ၁၂/ဥကမ(နိုင်)၁၅၄၄၃၁၊ ဦးကျော်မောင် ၁၂/လမန(နိုင်)၀၈၉၇၉၁၊ ဒေါ်အေးအေးမွန် ၁၂/ကမန(နိုင်)၀၀၃၂၂၇၊ ဒေါ်ကြည်ကြည်နွယ် ၁၂/လမန(နိုင်)၀၀၄၉၆၃၊ ဒေါ်အေးအေးမာ ၁၂/လမန(နိုင်)၀၈၉၇၉၅၊ ဒေါ်မဥ္စူငွေး ၁၂/ဒဂရ(နိုင်)၀၀၇၅၂၃၊ ဒေါ်ထားထား ၁၂/ကမတ(နိုင်)၀၀၇၁၂၅၊ ဒေါ်မေဖြိုး ၁၂/ဒဂမ(နိုင်)၀၁၅၄၆၁ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ် ၈၅ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ကြီးမြင့် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်ကြီးမြင့်၏ ကိတ္တိမသား ဦးသီဟညိမ်းနှင့် ဆွေမျိုးသားချင်းများအပေါ်တွင် ဘကြီးဖြစ်သူ ဦးကျော်လှိုင်မှ ဦးဆောင်ကာ မေတ္တာဖြင့်စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ဆွေမျိုးသားချင်းများ အားလုံးကလည်း ကျေနပ်သဘောတူလက်ခံခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ လူမှုကွန်ရက်စာမျက်နှာတွင် U Shwe Kyaw Khin Facebook Account ဖြင့် ဆွေမျိုးသားချင်းများအကြား အထင်အမြင်လွဲမှားစေရန် ရေးသားဖော်ပြထားသော အကြောင်းအရာများသည် မှန်ကန်မှုမရှိပါကြောင်းနှင့် ပုဂ္ဂိုလ်ရေးအရ ထိခိုက်စေရန် ဆောင်ရွက်မှုသက်သက်သာဖြစ်ပါကြောင်း အများသိစေရန် ဖြေရှင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဇော် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၁၇၀၁၈**
**United Condo ၊ အခန်း -၁၁၁၊ နဝဒေးလမ်းနှင့်**
**အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၀.A x ၆၀.B လမ်းကြား၊ ကျန်စစ်သားနှင့် ဗန္ဓုလလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြသောင်း (အေအီ-၀၂၀၄၅၀)၏ (SP ရသူ ဦးကျော်ဝင်း)က အမည်ပေါက်သူ ဒေါ်မြသောင်း၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၁၉၇၃/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
